# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဥ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဥ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဥ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာရခြင်းသည် ခဲယဥ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ သောကြာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၃၄)


**နိုင်ငံတော်ရွေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

MSMEs လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာများကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။




ဒုတိယသမ္မတ ဦးညိုစော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။

## ဒုတိယသမ္မတ ဦးညိုစော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြား

ဗလာဒီဗော့စတော့ စက်တင်ဘာ ၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ ရုရှားအရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်မျက်နှာစုံညီအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖


## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့် ဌာန ၃၉ ခုမှ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံ ၂၀၈ ခုကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုခွင့်ပြုရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်

ဖလမ်း စက်တင်ဘာ ၃

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့်ဌာန ၃၉ ခုမှ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံ ၂၀၈ ခုကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ခွင့်ပြုရန်ပုံငွေကျပ် ၉၆၀၁ ဒသမ ၂၆၈၂၇ သန်းဖြင့် ကုမ္ပဏီ ၁၄၈ ခုက ပြုပြင်ခြင်းလုပ်ငန်းများကို ဩဂုတ် ၃ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန


စာမျက်နှာ ၃ ကော်လံ ၃ ❐


## မုတ်သုံလေအားကောင်းနေခြင်းကြောင့် စက်တင်ဘာ ၆ ရက်မှ ၉ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၆ ရက်မှ ၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


စာမျက်နှာ ၃ ကော်လံ ၁ ❍



**ယနေ့ ဖတ် စ ရာ**

MSME ထုတ်ကုန်တိုးမြှင့်ဖို့ ငွေကြေးအရင်းအနှီးရယူစို့ — ဆောင်းပါး — စာ ၆

ဘားအံတက္ကသိုလ်၌ MSME အထောက်အကူပြု အသုံးချပညာရပ်များ အလုပ်ရုံဆွေးနွေး — ပြည်တွင်းသတင်း — စာ ၈

ဟန်ဂေရီနိုင်ငံ၌ ၁၉၀၁ ခုနှစ်နောက်ပိုင်း ယခုနှစ် ဩဂုတ်လသည် အပူဆုံးလအဖြစ် စံချိန်တင် — နိုင်ငံတကာသတင်း — စာ ၁၄

၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေး အခြေအနေများ — ပြည်တွင်းသတင်း — စာ ၁၅


## ညောင်တုန်းမြို့နယ်အတွင်း မြစ်ရေပြန်လည်ကျဆင်းသွားသည့် ကျောင်းများကို ဆေးကြောသန့်စင်၍ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြား

နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ရေမြင့်တက်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများတွင် ရေကျသွားသည့်ကျောင်းများကို ဆေးကြောသန့်စင်၍ ပြန်လည်ဖွင့်လှစ်လျက်ရှိသည့်အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (ယာပုံ)

ဦးစွာ ညောင်တုန်းမြို့နယ် ပတုပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သဇင်ရေကျော်ရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊


စာမျက်နှာ ၃ ကော်လံ ၃ ❂




# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**❝ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။❞**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**

❖ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် moderator အဖြစ် RBC TV Channel မှ ကီရီးလ် တာကာရက်ဗ်က ဆောင်ရွက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာ ပရာဘိုဝို ဆူဘီ ယန်တို၊ မွန်ဂိုလီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အူချရယ် ညမ်း အိုဆာရ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တင်းရွှယ်ရှန်နှင့် ဒုတိယသမ္မတ ဦးညိုစောတို့က မိန့်ခွန်းပြောကြားကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ သံတမန်များ၊ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် အရှေ့ဖျားစီးပွားရေးဖိုရမ်သည် အာရှ-ပစိဖိတ်ဒေသအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် ပေါင်းစည်းဆက်သွယ်မှုများကို မြှင့်တင်ပေးပြီး မိတ်ဖက်ဆက်ဆံရေး ခိုင်မာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေရန်အရေးပါကြောင်း၊ ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် မြန်မာနိုင်ငံသမ္မတ ဦးမင်းအောင်လှိုင်တို့၏ မကြာသေးမီက တွေ့ဆုံမှုမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်တိုးမြှင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

Digital Transformation၊ Artificial Intelligence၊ Innovation နှင့် Modern Infrastructure တို့သည် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုများနှင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် အရေးပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒီဂျစ်တယ်ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍများတွင် ခေတ်မီနည်းပညာများ အသုံးချ၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံသည် အာရှဒေသ၏ မဟာဗျူဟာမြောက် ပထဝီတည်နေရာတွင်ရှိပြီး အိန္ဒိယ၊ တရုတ်နှင့် အာဆီယံဈေးကွက်များအကြား ချိတ်ဆက်ပေးနိုင်သည့် ကုန်းတွင်းတံတားသဖွယ် အရေးပါကြောင်း၊ အာဆီယံ၊ လန်ချန်း-မဲခေါင်နှင့် BIMSTEC အဖွဲ့များတွင် ပါဝင်ခြင်းတို့ကြောင့် ဒေသတွင်းကုန်သွယ်ရေးနှင့် စီးပွားရေးချိတ်ဆက်မှုများ တိုးမြှင့်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

ထို့ပြင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး၊ အာဆီယံအဝေးပြေးလမ်းကွန်ရက် အရှေ့အနောက်စီးပွားရေးစင်္ကြံနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတို့၏ အချက်အချာနေရာတွင် မြန်မာနိုင်ငံတည်ရှိနေမှုကို အခွင့်အလမ်းအဖြစ် အသုံးချရန်နှင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးတို့တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် မကြာသေးမီက ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ တရားဝင်ခရီးစဉ်များ သွားရောက်ခဲ့ပြီး ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် အပြန်အလှန်ဆက်ဆံမှုများ ပိုမိုခိုင်မာစေရုံသာမက နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ ကွာဝေးသော်လည်း နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် အားပေးထောက်ခံမှုများနှင့် ခိုင်မာရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ မိတ်ဖက်များအားလုံးနှင့် ပိုမိုချိတ်ဆက်၍ ခိုင်မာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ရပ်တည်ဆောက်နိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။


အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၆-၉-၂၀၂၆ ရက်နေ့မှ ၉-၉-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




❐ *ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ရှိ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် ပြုပြင်ရန်ကျန်ရှိသည့် တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် အဆောက်အအုံ ၅၀ နှင့် အလုံးစုံပျက်စီးသည့် အဆောက်အအုံ ၇၂ ခုတို့ကို သက်ဆိုင်ရာဌာနအစီအစဉ်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါတွေ့ဆုံညှိနှိုင်း အစည်းအဝေးမှ သိရသည်။




အစည်းအဝေး အပြီးတွင် ဒုတိယဝန်ကြီးသည် ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ ဖလမ်းမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ဖလမ်းခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖလမ်းမြို့နယ်မီးသတ်ဦးစီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်နေမှု၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းမြို့ပြည်သူ့ဆေးရုံဝင်းအတွင်း အပျက်အစီးများ ရှင်းလင်းပြီးစီးမှု၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင် ပြန်လည်ပြုပြင်နေမှု၊ ခရိုင်လမ်းဦးစီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားသည့် ဖလမ်းမြို့ ယာယီဆေးရုံတွင် ဆေးရုံတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ *ရှေ့ဖုံးမှ*

သဇင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ပန်းဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဘဝသစ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များသို့ သွားရောက်ပြီး မြစ်ရေပြန်လည်ကျဆင်းသွားသည့် ကျောင်းများတွင် စာသင်ကျောင်းများကို ဆေးကြောသန့်စင်၍ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေမှု၊ ရေဘေးကြောင့် ပျက်စီး/ပျောက်ဆုံးသွားသည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပြန်လည်ဖြည့်ဆည်း ထောက်ပံ့ပေးမှုနှင့် ရေကျ၍ ကျောင်းများအားလုံးပြန်လည်ဖွင့်လှစ်နိုင်ချိန်တွင် ကျောင်းသားကျောင်းသူများ ဘာသာရပ်သင်ခန်းစာနောက်ကျမှုမရှိစေရေးအတွက် သင်ခန်းစာများ အစားထိုးပြန်လည်သင်ကြားပေးနိုင်ရန် ဆောင်ရွက်ထားမှု၊ ကျောင်းသား ကျောင်းသူများ ယာယီစာသင်ခန်းများတွင် ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ မူလတန်းအောက်ဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များနှင့် စာရေးကိရိယာများ၊ ဆရာ ဆရာမများအတွက် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်သည်။

အလားတူ မအူပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (လယ်ကိုင်း)၊ အခြေခံပညာမူလတန်းကျောင်း(ထနီဒေါင့်)ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မအူပင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ တက်ရောက်လာသူများနှင့် ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးက ကျောင်းအဆောက်အအုံများနှင့် ပညာရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေး၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကာ ရေဘေးသင့်ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ထောက်ပံ့ငွေများပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူကုန်ကူးမှုပြဿနာသည် အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပြီး လူသားမျိုးနွယ်စုတစ်ခုလုံး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဂုဏ်သိက္ခာကို ကြီးမားစွာ ထိပါးဖျက်ဆီး

**နေပြည်တော် စက်တင်ဘာ ၃**

လူကုန်ကူးမှုပြဿနာသည် အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး လူသားမျိုးနွယ်စုတစ်ခုလုံး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဂုဏ်သိက္ခာကို ကြီးမားစွာ ထိပါးဖျက်ဆီးနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက ပြောကြားသည်။



ဆက်လက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ၊ မူဝါဒရေးရာချမှတ်မှုများ၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးခံရပြီး မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံခြားသားများကို သတ်မှတ်ချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊ အကူအညီပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နိုင်ရန် ဥပဒေနှင့်အညီ ခိုင်လုံသောအထောက်အထားများဖြင့် တရားစွဲဆိုတင်ပို့လျက်ရှိပြီး လူကုန်ကူးခံရသူများ၊ သက်သေများ၏လုံခြုံမှုကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံပြီး ဇာတိနေရပ်သို့ ပြန်လည်ပို့ဆောင်ခြင်း၊ လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့်ကျွမ်းကျင်မှုအခြေခံအသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများသို့ အဓမ္မလက်ထပ်ရန် လူကုန်ကူးခြင်း၊ အဓမ္မပြည့်တန်ဆာပြုလုပ်စေခြင်း၊ အဓမ္မလုပ်အားစေခိုင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်းစသည့် ဖြစ်စဉ်များ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတကာလူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စရပ်များတွင် မြန်မာနိုင်ငံအနေဖြင့် အရှိန်အဟုန်မြှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံရှိ သံရုံးများနှင့် ရဲဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အင်တာပိုလ်၏ National Central Bureau(NCB)လမ်းကြောင်းများမှ တစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့်ပတ်သက်၍ ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးမှုကျူးလွန်ခံရခြင်းမရှိစေရန် မြို့ဝင်/မြို့ထွက် စစ်ဆေးရေးဂိတ်များ၊ နယ်စပ်ဒေသများရှိ ဝင်ပေါက်/ ထွက်ပေါက်များတွင် အသိပညာပေးခြင်း၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ တားဆီးအသိပညာပေးကာ နေရပ်သို့ပြန်လည်စေလွှတ်ခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအနက် လူကုန်ကူးခံရနိုင်ခြေရှိသော ထိခိုက်လွယ်အုပ်စုများကို စိစစ်ဖော်ထုတ်ပြီး တိုက်ရိုက်အကူအညီပေးခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို တင်ပြရာ ဝိုင်းဝန်းအကြံပြုသုံးသပ်ဆွေးနွေးခဲ့ကြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့အကျိုးပြု ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် မှန်ကန်၊ မြန်ဆန်၊ ပြည့်စုံစွာ ပြန်ကြားဆောင်ရွက်ပေးရန် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း မှာကြား

**ဆီဆိုင် စက်တင်ဘာ ၃**

ဒီမိုကရေစီ နည်းလမ်းတကျ ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးကောက် တင်မြှောက်ထားသည့် လွှတ်တော်များနှင့် အစိုးရအဖွဲ့တို့ ပေါ်ပေါက်လာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ချက်များကို ဒေသခံပြည်သူများ သိရှိနားလည်စေရေးအတွက် ကဏ္ဍအလိုက်၊ ဒေသအလိုက် သတင်းအချက်အလက်များကို မှန်ကန်၊ မြန်ဆန်၊ ပြည့်စုံစွာ ပြန်ကြားဆောင်ရွက်ပေးရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး(ဆီဆိုင်)ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အဆိုပါရုံးရှိ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ရုံးအဆောက်အအုံ ပျက်စီးဆုံးရှုံးခဲ့မှု မှတ်တမ်းများနှင့် စာကြည့်တိုက်၊ ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားကာ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌအား မြန်မာရေးရာ၊ ကမ္ဘာရေးရာနှင့် တိုင်းရင်းသားရေးရာစာအုပ်များကို အမှတ်တရ လက်ဆောင် ပေးအပ်ခဲ့သည်။

ထို့အတူ ဆီဆိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ စာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှု၊ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ် ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးအတွက် စာအုပ်များ ပေးအပ်သည်။

ဆက်လက်၍ တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာနရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၌ ဒေသခံစာရေးဆရာများ ရေးသားထုတ်ဝေထားသော စာအုပ်များ၊ သုတ၊ ရသစာအုပ်စာစောင်များကို ပြည်သူများ လွယ်ကူစွာ လေ့လာဝယ်ယူနိုင်ရေး စနစ်တကျခင်းကျင်းပြင်ဆင်ရောင်းချနေမှုကို



ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရမည်းသင်းခရိုင်ရုံးရှိ စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ဒေသဆိုင်ရာ ပြတိုက်ငယ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ဒေသထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် One Region One Product လုပ်ငန်းများကို ဖော်ထုတ်ရေးသားခြင်း၊ ထုတ်လုပ်သူများ၏ အတွေ့အကြုံနှင့် အောင်မြင်မှုများကို မျှဝေပေးခြင်းတို့မှတစ်ဆင့် ဒေသခံများ၏ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရေး မီဒီယာကဏ္ဍက တတ်နိုင်သမျှ ပံ့ပိုးပေးရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးမြို့နယ်၊ ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန်နှိုးဆော်

**မြစ်သာမြစ်**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေ ခြောက်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် သုံးပေ သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ်**

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေ ကိုးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်**

ပဲခူးမြစ်ရေသည် ပဲခူးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေ ငါးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သတိပေးနှိုးဆော်**

သို့ဖြစ်ပါ၍ ကလေးမြို့နယ်၊ ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၃**

ဝန်ကြီးဌာနအဖွဲ့အစည်းများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာစေရေး၊ ပြည်သူလူထုအတွင်း ပိုက်ကျော်ခြင်းအားကစားနည်းကို တစ်နှစ်ထက်တစ်နှစ် စိမ့်ဝင်ပြန့်ပွားလာစေရေး၊ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ မြန်မာ့ပိုက်ကျော်ခြင်းအားကစား အဆင့်အတန်းပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးသန်းမောင်၊ ဦးတင်ဦးလွင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ အားကစားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ယနေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်းများမှ အားကစားသမား မောင်/မယ်များအနေဖြင့် မိမိတို့ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သည့် ဝန်ကြီးဌာနအသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အစွမ်းအစနှင့် အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အနိုင်မခံ အရှုံးမပေးဘဲ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းကို အင်အားဖြည့်တင်းပေးနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်လေ့ကျင့်သွားရန် တိုက်တွန်းမှာကြားခဲ့ပြီး ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်ပြီး ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲများကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ပြိုင်ပွဲကာလ ခုနစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၂၇ သင်း၊ စုစုပေါင်း ပြိုင်ပွဲဝင်အင်အား ၂၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် နီပေါနိုင်ငံ၌ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၃**

နီပေါနိုင်ငံ၌ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးရန် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ် ၁၆ ရှိ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးသို့ ယနေ့မွန်းလွဲ ၂ နာရီတွင် သွားရောက်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်၍ နီပေါနိုင်ငံတွင် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့မှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မင်းကင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ကြိုတင်သတိပြု

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေ ရှစ်လက်မခန့် အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်း မြစ်ရေသည် မုံရွာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေ လေးလက်မခန့် အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) သရဖီဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးနှင့်အတူ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက္ကသိုလ် ဒီဂရီကောလိပ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ အကဲဖြတ်ပညာရှင်များ၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲဝင် မျိုးဆက်သစ် အနုပညာရှင် လူငယ်မောင်မယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဖွင့်ပွဲကို တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ဂုဏ်ပြုသည့် "ရွှေရောင်လွှမ်းခြုံ တိုင်းရန်ကုန်" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးပြီး ပြိုင်ပွဲဘာသာရပ်အလိုက် ဒိုင်အဖွဲ့ဝင်များဖြစ်ကြသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (အဆင့်မြင့်ပညာအဆင့်)ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ် ဒီဂရီကောလိပ်များမှ ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် စုစုပေါင်း ၂၂၆ ဦးက စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(မြန်/ဆက်)**

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# MSME ထုတ်ကုန်တိုးမြှင့်ဖို့ ငွေကြေးအရင်းအနှီးရယူစို့

မြင့်အောင် (ရွှေဘိုသား)

**လက်ဖက်ရည်ဆိုင်ထဲသို့ မန်နေဂျာ ဦးရွှေအောင်တစ်ယောက် ရောက်လာချိန်တွင် ချိန်းဆိုထားသည့် ဦးဇော်ထိုက်တစ်ယောက် ထွက်လာပြီး သူတို့ထိုင်နေကြသည့် စားပွဲဝိုင်းသို့ ခေါ်ဆောင်သွားကာ ကြိုတင်ရောက်ရှိနေသည့် ပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးလေသည်။**

" သူက ဦးစိုးတင့်ပါ။ အရင်က သစ်စက်လုပ်ငန်း လုပ်ပါတယ်။ အခုတော့ တည်းခိုခန်းလုပ်ငန်း လုပ်နေပါတယ်။ သူတို့က ကိုကျော်မျိုးနဲ့ ကိုထက်ပါ။ သူတို့ကလည်း မုန့်မျိုးစုံထုတ်လုပ်ရေးနဲ့ လူသုံးကုန်ပစ္စည်းဖြန့်ချိရေး လုပ်ကြပါတယ်"

" တွေ့ရတာဝမ်းသာပါတယ်။ ဦးဇော်ထိုက်လိုပဲ ကျွန်တော့်ကိုလည်း ရင်းရင်းနှီးနှီး ခင်လို့ရပါတယ်။ လိုအပ်တာရှိရင်လည်း ပြောကြပါ"

"သူတို့က လုပ်ငန်းတွေတိုးချဲ့ချင်လို့ ငွေကြေးအကူအညီရချင်နေကြတာပါ။ ဒါကြောင့် မန်နေဂျာကြီးဆီက အကြံဉာဏ်တောင်းချင်လို့ အခုလိုတွေ့ဆုံကြရတာပါ "

"ဪ ဒါကြောင့်လား။ ရပါတယ်။ ဒါဆို ကျွန်တော် အသေးစိတ် ရှင်းပြပေးပါမယ်၊ ခင်ဗျားတို့ လုပ်ငန်းတွေက MSME လုပ်ငန်းတွေပဲ။ အခု ခင်ဗျားတို့ MSME Card တွေရှိပြီးကြပြီလား"

" ကျွန်တော်တို့အားလုံး MSME လုပ်ငန်း မှတ်ပုံတင်ထားပြီး Member Card တွေလည်း ရှိထားပါတယ်"

"ဒါဆိုကောင်းတာပေါ့ဗျာ။ အရင်ဆုံး MSME အကြောင်းလေး ရှင်းပြပေးမယ်"

"ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေရဲ့ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းဟာ MSME လုပ်ငန်းတွေဖြစ်ကြသလို မြန်မာနိုင်ငံမှာလည်း စီးပွားရေးလုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်က MSME လုပ်ငန်းတွေပဲ ဖြစ်ပါတယ် "

"ဒ့ါအပြင် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုမှာလည်း MSME လုပ်ငန်းတွေက ၇၀ ရာခိုင်နှုန်းကျော် ရှိနေပါတယ်"

ထို့နောက် ဦးစိုးတင့်က .......

"အဲဒီလိုဆို MSME လုပ်ငန်းတွေ အများကြီးပဲ ရှိမှာပေ့ါနော်"ဟု မေးခဲ့ရာ....

"ဟုတ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ MSME လုပ်ငန်း ငါးသောင်းကျော်ရှိတယ်လို့ လေ့လာသိရှိရပါတယ်၊ အိမ်နီးချင်း အာဆီယံနိုင်ငံတွေအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုမှာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ MSME လုပ်ငန်းတွေရဲ့ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးက အလွန်အရေးပါတာပေ့ါ "

"ဒါကြောင့် **နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့** ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ နိုင်ငံတော်က ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် MSME လုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ အထူးအားပေးဆောင်ရွက်နေတာပေ့ါ"

" အခုအချိန်မှာ MSME လုပ်ငန်းနဲ့ပတ်သက်တဲ့ အခမ်းအနားတွေ၊ ပြပွဲတွေ လုပ်ပေးနေတာ မကြာခဏတွေ့နေရတယ်"ဟု ဦးဇော်ထိုက်က ဝင်ရောက်ပြောကြားသည်။ ဦးစိုးတင့်ကလည်း .......

" ဒါကြောင့် ကျွန်တော်တို့လည်း လုပ်ငန်းတွေ တိုးချဲ့ချင်ကြလို့ ငွေကြေးအရင်းအနှီးလိုနေတာ ဘယ်လိုလုပ်ကြရမလဲလို့ မန်နေဂျာကြီးဆီ အကြံဉာဏ်တောင်းချင်လို့ တွေ့ကြရတာပါ"

" ကျွန်တော်ကလည်း ရှင်းပြချင်နေတာပါ။ ခင်ဗျားတို့ရဲ့ ငွေကြေးအရင်းအနှီး အခက်အခဲတွေကို မြန်မာ့စီးပွားရေးဘဏ်(MEB)က ဖြည့်ဆည်းပေးမှာပါ"

"MSME လုပ်ငန်းတွေအတွက် မြန်မာ့စီးပွားရေးဘဏ်က ထုတ်ချေးပေးနေတဲ့ ချေးငွေအမျိုးအစား သုံးမျိုးရှိပါတယ်။ **(၁) JICA MSME Two–Step Loan ချေးငွေ၊ (၂) ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေ၊ (၃)MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးငွေတို့ ဖြစ်ပါတယ်"**

**"တစ်မျိုးချင်းစီကို ရှင်းပြရမယ်ဆိုရင်တော့ (၁) JICA MSME Two–Step Loan** ချေးငွေဆိုတာ မြန်မာ့စီးပွားရေးဘဏ်ကနေ အရင်ကတည်းက (Executing Agency) စီမံကိန်းစီမံခန့်ခွဲသူအဖြစ်နဲ့ ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ပုဂ္ဂလိကဘဏ်တွေက ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်တဲ့ အဖွဲ့အစည်း (Participating Financial Institution–PFI) အနေနဲ့ တစ်ဆင့်ထုတ်ချေးပေးတဲ့ ချေးငွေဖြစ်ပါတယ်။ ဒီချေးငွေစနစ်နဲ့ MSME လုပ်ငန်းရှင် ၃၆၈ ဦးကို ငွေပမာဏ ကျပ် ၄၄၇၃၅ သန်း ထုတ်ချေးပေးထားပြီး ဖြစ်ပါတယ်"

" တော်တော်များများ ထုတ်ချေးပေးထားတာပဲ" ဟု ဦးစိုတင့်က ပြောလိုက်ရာ ....

"ဒီ မုံရွာမြို့မှာက ချေးငွေထုတ်ချေးထားတဲ့ လုပ်ငန်းတွေရှိတယ်လေ"ဟု ဦးဇော်ထိုက်ကလည်း သူသိထားတာ ပြောလိုက်ပါသည်။

> **"စက်မှု/ကြီးကြပ်မှာ မှတ်ပုံတင်ထားသူ (သို့မဟုတ်) MSME Member Card ရရှိပြီးသူ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ MSME Agency များမှ လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ကြောင်း ထောက်ခံချက်၊ ဤချေးငွေကို မရယူမီ မြန်မာ့စီးပွားရေးဘဏ်၊ အခြားဘဏ်နဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေမှာ ချေးငွေရယူထားပါက ချေးငွေပြေကျေပြီးသူ (သို့မဟုတ်) ချေးငွေအရင်းနဲ့ ကျသင့်အတိုးကို ပုံမှန်ပေးဆပ်နေပြီး သီးခြားအာမခံပေးနိုင်သူ၊ ချေးငွေအတွက် ဘဏ်လုပ်ထုံးလုပ်နည်းနဲ့ အညီ လုံလောက်တဲ့ အာမခံပေးအပ်ရမယ်၊ အာမခံပစ္စည်း တင်ပြရန်မရှိရင် CGI စနစ်နဲ့ ချေးငွေလျှောက်ထားနိုင်ပါတယ်။ ဘဏ္ဍာရေးရှင်းတမ်းကို တစ်နှစ်တစ်ကြိမ် တင်ပြရမယ် စတဲ့အချက်တွေကို လိုက်နာရမှာဖြစ်"**

"ငွေထုတ်ချေးပေးတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားတွေကတော့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဓာတုထုတ်ကုန်များ၊ ပလတ်စတစ်ထုတ်ကုန် ပုံသွန်းလောင်းခြင်းလုပ်ငန်း၊ အထည်အလိပ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လုပ်သားအင်အားအသုံးပြုရသော အခြားလုပ်ငန်း၊ ရော်ဘာပစ္စည်း ထုတ်ကုန်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ လက်မှုလုပ်ငန်းနှင့် အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းဝယ်ခြင်းလုပ်ငန်း၊ သတင်းနဲ့ နည်းပညာ ဖွံ့ဖြိုးမှုလုပ်ငန်း စတဲ့လုပ်ငန်းအမျိုးစုံအောင် ထုတ်ချေးပါတယ်"

"အဲဒီလိုဆို ထုတ်မချေးပေးတဲ့ လုပ်ငန်းတွေရှိသေးလား မန်နေဂျာကြီး" ဦးဇော်ထိုက်က မေးလိုက်ရာ .......

"ဒါလည်းမေးရမယ်လေ။ ငွေထုတ်မချေးဖို့ တားမြစ်ထားတဲ့ လုပ်ငန်းတွေလည်း ရှိပါတယ်။ ဘာတွေလဲဆိုတော့ လယ်ယာစိုက်ပျိုးရေး၊ ဒီကဏ္ဍကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပါတယ်။''

"အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ ဘဏ္ဍာရေး အာမခံလုပ်ငန်း၊ အဖိုးတန်သတ္တုကျောက်များ ရောင်းဝယ်ခြင်း၊ အရက်ဆိုင်နှင့် ပျော်ပွဲစားရုံများ (ခရီးသွားလုပ်ငန်းမှအပ)၊ ဖျော်ဖြေရေး၊ ပျော်ပွဲရွှင်ပွဲဆိုင်ရာလုပ်ငန်း၊ လက်နက်များ၊ ခဲယမ်းမီးကျောက် ထုတ်လုပ်ရောင်းဝယ်ခြင်း၊ လူမှုရေးရာ တည်ငြိမ်မှုကို ထိခိုက်စေသော (သို့) အခြားမည်သည့်ကဏ္ဍမျိုးကိုမဆို စတဲ့လုပ်ငန်းတွေကို ချေးငွေ ထုတ်မချေးပေးပါဘူး"

"ငွေချေးဖို့အတွက် ဘာတွေ အာမခံပေးရလဲ ရှင်းပြပါဦး မန်နေဂျာကြီး"

"ဘဏ်က လက်ခံနိုင်တဲ့ အာမခံတွေက မြေဆိုရင် ဘိုးဘပိုင်မြေ၊ ဂရန်မြေ၊ လန(၃၉)မြေ၊ (၃–ခ) မြေ၊ လယ(၃၀)(က)(ခ)မြေတွေ ဆိုရင်ရပါတယ်"

"အဆောက်အအုံဆိုရင်လည်း ကွန်ကရစ်တိုက် (RC)၊ အုတ်ညှပ်အဆောက်အအုံ၊ တိုက်ခံအိမ်၊ Steel Structure တွေ ဖြစ်ရပါမယ်"

"ချေးငွေအာမခံပစ္စည်းအပေါ် အမြင့်ဆုံး ထုတ်ချေးနိုင်တဲ့ချေးငွေ မာဂျင်သတ်မှတ်ချက်က မြေတန်ဖိုးရဲ့ ၇၅ ရာခိုင်နှုန်းနဲ့ အဆောက်အအုံတန်ဖိုးရဲ့ ၆၅ ရာခိုင်နှုန်း ဖြစ်ပါတယ်"

" ဒီလိုဆို အာမခံမပေးနိုင်ရင် ငွေချေးလို့ မရတော့ဘူးလား ခင်ဗျာ"

"အာမခံမပေးနိုင်ရင်တော့ CGI အာမခံမဲ့ ချေးငွေအဖြစ် အများဆုံး ကျပ်သန်း ၅၀ အထိ ထုတ်ချေးပေးပါတယ်။ အာမခံပေးတဲ့ ချေးငွေများကို အများဆုံးကျပ်သန်း ၅၀၀ အထိ ထုတ်ချေးပေးပါတယ်"

"ချေးငွေသက်တမ်းက ဘယ်လောက်ကြာသလဲဗျ"

" ချေးငွေသက်တမ်းက သုံးနှစ်ကနေ ငါးနှစ်ထိ ချေးပေးပါတယ်၊

- သုံးနှစ်ဆိုရင် တစ်နှစ်ဆိုင်းငံ့၊ နှစ်နှစ် လေးရစ်ဆပ်၊
- လေးနှစ်ဆိုရင် တစ်နှစ်ခြောက်လဆိုင်းငံ့၊ နှစ်နှစ်ခြောက်လ ငါးရစ်ဆပ်၊
- ငါးနှစ်ဆိုရင် နှစ်နှစ်ဆိုင်းငံ့၊ သုံးနှစ် ခြောက်ရစ်ဆပ်ရမှာ ဖြစ်ပါတယ် "

"အတိုးနှုန်းတွေက မြေနှင့်အဆောက်အအုံကို အာမခံပေးပါက ၇ ဒသမ ၅ ရာခိုင်နှုန်း၊ CGI အပေါင်ရှိ/ အပေါင်မဲ့ ၈ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်း ဖြစ်ပါတယ်"

"အခုပြောပြခဲ့တဲ့ JICA MSME Two–Step Loan က အနည်းငယ်ထူးခြားပါတယ်။ ဘဏ်ချေးငွေတွေအားလုံးကို ကိုယ်သုံးချင်တာ သုံးလို့မရပါဘူး။ ခွင့်ပြုချေးငွေပမာဏရဲ့ အနည်းဆုံး ၈၀ ရာခိုင်နှုန်းကို ပုံသေပစ္စည်း ဝယ်ယူရင်းနှီးရပါမယ်။ ကျန်တဲ့အများဆုံး ၂၀ ရာခိုင်နှုန်းကိုပဲ လှည့်ပတ်ငွေရင်းမှာ သုံးကြရမှာပါ"

"ဆိုလိုတာက ချေးငွေရဲ့ ၈၀ ရာခိုင်နှုန်းကို ပုံသေရင်းနှီးငွေအဖြစ် စက်ရုံ၊ အဆောက်အအုံ၊ စက်ပစ္စည်း၊ စက်ကိရိယာများ၊ မော်တော်ယာဉ်များ ဝယ်ယူရင်းနှီးရမှာဖြစ်ပါတယ်။ ဒါက JICA MSME Two–Step Loan အကြောင်းပါ"

"နောက်ချေးငွေတစ်မျိုးက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ဖြစ်ပါတယ်။ ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချရန်၊ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုတိုးတက်ပြီး စားသုံးဆီဖူလုံရန်နဲ့ အရည်အသွေးကောင်းမွန်တဲ့ စားသုံးဆီ ထုတ်လုပ်ရန် ရည်ရွယ်ပြီး နိုင်ငံတော်မှ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး အထောက်အကူပြုလုပ်ငန်းအဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းထားကာ ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါတယ်"

ထိုအခါ ဦးစိုးတင့်က "ဒီချေးငွေက ဆီစက်လုပ်ငန်းရှင်များပဲ ထုတ်ချေးပေးတာပေ့ါနော်။ ကျန်တဲ့လုပ်ငန်းတွေကိုတော့ မချေးပေးဘူးပေ့ါ" ဟု မေးလိုက်ပါသည်။

"MSME အသိအမှတ်ပြုကတ်ရရှိပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ရရှိပြီးသူ၊ စားသုံးဆီကြိတ်ခွဲထုတ်လုပ်ဖြန့်ဖြူးခြင်းကို လက်ရှိလုပ်ကိုင်နေသူတွေကိုပဲ ထုတ်ချေးပေးတာပါ"

"လုပ်ငန်းလှည့်လည်ရင်းနှီးငွေ (Working Capital) အတွက် ချေးယူပါက အများဆုံးသက်တမ်းတစ်နှစ်၊ ပုံသေရင်းနှီးငွေ ( Fixed Capital )အတွက် ချေးယူခြင်းဖြစ်ပါက ချေးငွေရဲ့ ၅၀ ရာခိုင်နှုန်း အနည်းဆုံးအသုံးပြုရန်ဖြစ်ပြီး ချေးငွေသက်တမ်းမှာ အများဆုံး သုံးနှစ်ချေးမှာ ဖြစ်ပါတယ်။ အတိုးက တစ်နှစ်မှာ ၅ ရာခိုင်နှုန်းဖြစ်ပြီး သုံးလတစ်ကြိမ် အတိုးငွေပေးသွင်းရမှာပါ"

"လုပ်ငန်းလှည့်လည်ရင်းနှီးငွေအတွက် ချေးယူပါက ချေးငွေပမာဏ အနည်းဆုံးကျပ် ၁၀ သန်းမှ အများဆုံးကျပ်သန်း ၅၀၀ ထိ၊ ပုံသေရင်းနှီးငွေအတွက် ချေးယူပါက ချေးငွေပမာဏ အနည်းဆုံး ကျပ်သန်း ၂၀ မှ အများဆုံး ကျပ်သန်း ၅၀၀ ထိနဲ့ ဆီစက်အကြီးများ၊ ကုမ္ပဏီအစုအဖွဲ့များအနေနဲ့ စက်အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့တပ်ဆင်ခြင်းများအတွက် ချေးငွေပမာဏ ကျပ်သန်း ၁၀၀၀ ထိ ထုတ်ချေးပေးနေပါတယ်"

"ဘဏ်ကို ပေးအပ်ရတဲ့ အာမခံပစ္စည်းကလည်း JICA MSME Two–Step Loan ချေးငွေထုတ်ချေးရင် ပေးအပ်ရတဲ့အတိုင်းပဲ သတ်မှတ်ခွင့်ပြုထားပါတယ်။ ယခုအချိန်အထိ မြန်မာ့စီးပွားရေးဘဏ်ကနေ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို လုပ်ငန်းရှင် ၃၁ ဦးကို ငွေပမာဏ ကျပ်သန်း ၆၁၄၀ ထုတ်ချေးထားပါတယ်"

"နောက်ချေးငွေတစ်မျိုးကတော့ MSME ဖွံ့ဖြိုးတိုးတက်ရေးချေးငွေ ဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနဲ့ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က မတည်ထောက်ပံ့ငွေကျပ် ဘီလီယံ ၁၇၀ ကို မတည်ပေးခဲ့ပါတယ်"

"အဲဒီ မတည်ငွေအနက် ကျပ် ဘီလီယံ ၁၅၀ ကို MSME လုပ်ငန်းရှင်တွေကို ချေးငွေ ထုတ်ချေးနိုင်ဖို့အတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်"

"အများဆုံးထုတ်ချေးတဲ့ ပမာဏအနေနဲ့ အသေးစားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းတွေကို ကျပ်သန်း ၅၀၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို ကျပ်သန်း ၁၀၀၊ CGI စနစ်နဲ့ ထုတ်ချေးလို့ပါက

*စာမျက်နှာ ၇ သို့*

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)ရှိ ဓမ္မရာဇိကစေတီတော်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများပေးအပ်

**နေပြည်တော်　စက်တင်ဘာ　၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ရှိ ဓမ္မရာဇိကစေတီတော်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ဂေါပကအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ရှိ ဓမ္မရာဇိကစေတီတော်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူရှင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇမ္ဗူဒီပရပ်ကွက် ရာဇသင်္ဂဟအိမ်ရာ(၁)နေ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရ ဦးမြင့်မောင်နှင့် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ပြုပြင်ရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမိုးကျော်တို့က အလှူငွေပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။



ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင်နှင့် ဇနီးတို့က အလှူငွေကျပ်သိန်း ၅၀၀၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အလှူငွေကျပ် သိန်း ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ကိုယ်စား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)ဂေါပကအဖွဲ့က ငလျင်ဒဏ်ကြောင့် ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ရန် ခန့်မှန်းကုန်ကျစရိတ်များအား ဂေါပကရုံးအဖွဲ့မှူးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အလှူငွေရရှိနိုင်ရေး၊ ပြုပြင်မွမ်းမံနိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက အလှူဒါနကို သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေကြပြီး သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)ရှိ ဖွားတော်မူရာဌာနမှ မယ်တော်မာယာအုတ်ကျောင်းတော် အမိုးရေယိုစိမ့်မှု အခြေအနေ၊ ပွင့်တော်မူရာဌာနမှ မဟာဗောဓိစေတီတော် ထိခိုက်ပျက်စီးမှု အခြေအနေ၊ ဟောတော်မူရာဌာနမှ ဓမ္မရာဇိကစေတီတော်၊ နန္ဒိယကျောင်းဆောင်၊ ဓမ္မေခစေတီတော် ထိခိုက်ပျက်စီးမှု အခြေအနေ၊ စံတော်မူရာဌာနမှ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် ဖွင့်လှစ်မည့် သင်တန်းများအတွက် သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း အမှတ်စဉ်(၂)၊ ၃ လသင်တန်းများဖြစ်သော ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံသသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၇-၉-၂၀၂၆ ရက်မှ ၇-၁၂-၂၀၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။
၂။ အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလအတွင်း ကျောင်းမှချမှတ်ထားသော စည်းကမ်းများကို လေးစားလိုက်နာနိုင်ရမည်။
၆။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
၇။ ပညာအရည်အချင်းနှင့်သင်ကြားပေးမည့်ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| သင်တန်းအမည် | ပညာအရည်အချင်း | ဘာသာရပ်များ |
| --- | --- | --- |
| (၁) ကွန်ပျူတာသင်တန်း | အထက်တန်း | Microsoft word၊ Microsoft Excel၊ Power Point၊ Adobe Pagemaker 7.0၊ Photo Shop |
| (၂) စက်ချုပ်သင်တန်း | အလယ်တန်း | အခြေခံစက်နင်းခြင်း၊ Pattern ဆွဲနည်း/ထုတ်နည်း၊Blouse အင်္ကျီအမျိုးမျိုး၊ ချိတ်ထဘီနှင့် ကျားရုပ်အင်္ကျီချုပ်နည်း |
| (၃) ဆံသသင်တန်း | မူလတန်း | အမျိုးသားနှင့် အမျိုးသမီးဆံပင် ပုံစံမျိုးစုံညှပ်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆေးဆိုး၊ ဆံပင်ဖြောင့်/ကောက်၊ မျက်နှာနှင့်ဆံပင် ပေါင်းတင်ခြင်းနှင့် နားဖောက်ခြင်း |
| (၄) တံဆိပ်ရိုက်သင်တန်း | မူလတန်း | ဒီဇိုင်းဘောင်ပြုလုပ်ခြင်း၊ ဆေးစပ်ခြင်း၊ အင်္ကျီတံဆိပ်ရိုက်ခြင်း၊ အင်္ကျီစတေကာ ပြုလုပ်ခြင်း၊ ဖန်ခွက်တံဆိပ်ရိုက်ခြင်း၊ မှန်ပန်းချီပြုလုပ်ခြင်း |

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
၄။ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၅။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်
၆။ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ် (ပုံစံ-၁၂)

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ်- ၀၆၇-၄၀၄၂၅၂ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

*စာမျက်နှာ ၆ မှ*

မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိကအထွေထွေ အာမခံကုမ္ပဏီကိုးခုနဲ့ အများဆုံးကျပ်သန်း ၅၀ ထုတ်ချေးပေးမှာ ဖြစ်ပါတယ်”

“Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနဲ့ အထက် အသုံးပြုမယ့် ချေးငွေမှာ အတိုးနှုန်း သုံးရာခိုင်နှုန်း၊ ချေးငွေသက်တမ်းက အများဆုံး သုံးနှစ် (တစ်နှစ်ဆိုင်းငံ့၊ နှစ်နှစ် လေးရစ်ဆပ်)၊ Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမယ့် ချေးငွေမှာ အတိုးနှုန်း လေးရာခိုင်နှုန်း ချေးငွေသက်တမ်းက အများဆုံး တစ်နှစ်ခြောက်လ၊ (ခြောက်လဆိုင်းငံ့ တစ်နှစ် နှစ်ရစ်ဆပ်)၊ CGI စနစ်နဲ့ ထုတ်ချေးမယ့် ချေးငွေအတိုးနှုန်း ငါးရာခိုင်နှုန်း၊ Fixed Capital ချေးငွေရယူထားသူတွေကို ချေးငွေအများဆုံးနှစ်ကြိမ်၊ Working Capital ချေးငွေရယူထားသူများအား ချေးငွေအများဆုံး သုံးကြိမ်ထိသာ ထုတ်ချေးပါတယ်”

“ဘဏ်ကို အာမခံပေးရမယ့် မြေနဲ့ အဆောက်အအုံအမျိုးအစားမှာ အခြား MSME ချေးငွေတွေအတိုင်းပဲ ဖြစ်ပါတယ်။ ဒီချေးငွေကို နိုင်ငံတော်ပိုင်ဘဏ်ဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ အခြားပုဂ္ဂလိကဘဏ် ၁၆ ဘဏ်ကနေ ချေးယူရရှိနိုင်မှာ ဖြစ်ပါတယ်”

“စက်မှု/ကြီးကြပ်မှာ မှတ်ပုံတင်ထားသူ (သို့မဟုတ်) MSME Member Card ရရှိပြီးသူ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ MSME Agency များမှ လုပ်ငန်းအမှန်တကယ် လုပ်ကိုင်ကြောင်း ထောက်ခံချက်၊ ဤချေးငွေကို မရယူမီ မြန်မာ့စီးပွားရေးဘဏ်၊ အခြားဘဏ်နဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေမှာ ချေးငွေရယူထားပါက ချေးငွေပြေကျေပြီးသူ (သို့မဟုတ်) ချေးငွေ အရင်းနဲ့ ကျသင့်အတိုးကို ပုံမှန်ပေးဆပ်နေပြီး သီးခြားအာမခံပေးနိုင်သူ၊ ချေးငွေအတွက် ဘဏ်လုပ်ထုံးလုပ်နည်းနဲ့အညီ လုံလောက်တဲ့ အာမခံပေးအပ်ရမယ်၊ အာမခံပစ္စည်း တင်ပြရန်မရှိရင် CGI စနစ်နဲ့ ချေးငွေလျှောက်ထားနိုင်ပါတယ်။ ဘဏ္ဍာရေးရှင်းတမ်းကို တစ်နှစ်တစ်ကြိမ် တင်ပြရမယ် စတဲ့ အချက်တွေကို လိုက်နာရမှာ ဖြစ်ပါတယ်”

“အခု MSME ဖွံ့ဖြိုးတိုးတက်ရေးချေးငွေကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ MSME လုပ်ငန်းရှင် ၂၅၃ ဦး ချေးငွေပမာဏကျပ် ၉၉၅၅ သန်းကို PFI ဘဏ် ၁၁ ဘဏ်ကတစ်ဆင့် ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ထပ်ငွေထုတ်ချေးဖို့ စိစစ်နေဆဲ ချေးငွေအမှုတွဲများလည်း ရှိနေပါသေးတယ်”

“ဩော် ဒီချေးငွေကလည်း အများကြီးထုတ်ချေးပေးထားတာပဲနော်” ဦးစိုးတင့်က အံ့သြစွာ ပြောလိုက်ပါသည်။

“အမှန်ပဲ့ဗျာ။ MSME ထုတ်ကုန်တွေကို တိုးမြှင့်ထုတ်လုပ်နိုင်ပြီး နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ဖို့ ငွေကြေးအရင်းအနှီး အခက်အခဲ မဖြစ်စေရေး နိုင်ငံတော်က ထုတ်ချေးပြီး ပံ့ပိုးပေးနေတာပါ။ ယခုလို နိုင်ငံတော်ရဲ့ စေတနာကို နားလည်ပြီး မိမိတို့ရဲ့ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်ကာ နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမှာ MSME လုပ်ငန်းရှင် အပါအဝင် လုပ်ငန်းရှင်တိုင်းရဲ့တာဝန်ပါ”

“ အခုလို ပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့ မန်နေဂျာကြီးကို ကျွန်တော်တို့အားလုံးက ကျေးဇူးအထူးတင်ပါတယ်။ နောင်လည်း သိချင်တာလေးတွေ ရှိရင်လည်း ရှင်းပြပေးပါဦး”

“ဒီလိုရှင်းပြခွင့်ရလို့ ကျွန်တော်ကလည်း ခင်ဗျားတို့အားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်ထပ် သိချင်တာရှိရင်လည်း မေးကြပါ၊ အကူအညီလိုရင်လည်း ပြောကြပါ။ ကဲ အားလုံးပဲ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး”

**“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”** ဆောင်ပုဒ်နှင့်အညီ MSME ထုတ်ကုန်တိုးမြှင့်ရန် ငွေကြေးအရင်းအနှီးများရယူ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါကြောင်း ........ ။

❂ ❂ ❂

## ဘားအံတက္ကသိုလ်၌ MSME အထောက်အကူပြု အသုံးချပညာရပ်များ အလုပ်ရုံဆွေးနွေး



**ဘားအံ စက်တင်ဘာ ၃**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဆင့်မြင့်ပညာကဏ္ဍမှ ပြုစုပျိုးထောင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဘားအံတက္ကသိုလ်၌ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)အထောက်အကူပြု အသုံးချပညာရပ်များ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဘားအံတက္ကသိုလ် သိပ္ပံဘာသာရပ် ငါးခုက အသုံးချပညာရပ်များဖြစ်သည့် ငါးဆေးထိုးသားဖောက်နည်းပညာ၊ မှိုမျိုးစုံစိုက်ပျိုးနည်းပညာ၊ ဆပ်ပြာအမျိုးမျိုးပြုလုပ်နည်းပညာ၊ ကွန်ပျူတာအသုံးပြု လျှပ်စစ်ပတ်လမ်းများရေးဆွဲခြင်းနည်းပညာ၊ အခြေခံကျောက်မျက်ပညာ၊ ဝိဇ္ဇာဘာသာရပ် သုံးခုမှ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာခရီးသွားပညာ၊ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာခရီးသွားပညာ၊ ဗုဒ္ဓဘာသာစေတီပုထိုးနှင့် ရုပ်တုဆိုင်ရာ အနုပညာတို့ကို ကျောင်းသား ကျောင်းသူများနှင့် ဌာနမှူး ပါမောက္ခများက စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် နှစ်ရက်ကြာ ဆွေးနွေးမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘားအံတက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေး၍ လက်တွေ့အသုံးချနိုင်သည်အထိ လေ့လာ၊ မှတ်သား၊ သင်ယူကြစေလိုပြီး မိမိဒေသနှင့်မိမိနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲစေရေးအတွက် မြင့်မားသည့် အသိဉာဏ်ပညာစွမ်းပကား၊ နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးသည့်စိတ်၊ ကိုယ်ကျင့်သိက္ခာတရားကို တန်ဖိုးထားသည့်စိတ်၊ တီထွင်ဖန်တီး ထိုးထွင်းဆောင်ရွက်လိုသည့်စိတ် စသည့် စိတ်ဓာတ်ကောင်းများကိုမွေးမြူ၍ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက MSME အထောက်အကူပြု အသုံးချပညာရပ်များ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဘားအံတက္ကသိုလ် ပါမောက္ခဌာနမှူးများက သက်ဆိုင်ရာဌာနများအလိုက် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးသင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ယာယီရေဘေးရှောင် အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၂၇၀၊ လူဦးရေ ၁၁၆၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မုန့်နှင့် ထမင်းထုပ်များ ပေးအပ်

**ပဲခူး စက်တင်ဘာ ၃**

ပဲခူးမြစ်ရေ ဝင်ရောက်မှုကြောင့် ကလျာဏီသိမ်တော်ကြီးဘုန်းကြီးကျောင်း၌ အနိမ့်ပိုင်းနေအိမ်များမှ ယာယီရေဘေးရှောင်နေကြသည့် အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၂၇၀၊ လူဦးရေ ၁၁၆၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မုန့်နှင့် ထမင်းထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် အနိမ့်ပိုင်းနေရာများအတွင်းသို့ ပဲခူးမြစ်ရေ ဝင်ရောက်နေမှုကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်လျက်ရှိသည့် နေအိမ်များအား ထမင်းထုပ်များ၊ ရေသန့်၊ အအေးနှင့် မုန့်များပေးအပ်၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ရေဝင်ရောက်မှုအပေါ် ကူညီဆောင်ရွက်နေကြသည့် တပ်ရင်းတပ်ဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် မြို့သစ်ရပ်ကွက်နှင့် ရွာသစ်ရပ်ကွက်များသို့ ပဲခူးမြစ်မှ အဓိကရေဝင်ရောက်လျက်ရှိသည့် ကုလားရိုက်ရိုးချောင်း ယာယီရေတားတာ ဆောင်ရွက်ထားရှိမှုနှင့် ရေဝင်ရောက်မှုလျော့နည်းသက်သာစေရေး ရေတံခါး အမှတ်(၁)နှင့် အမှတ်(၂) ဆောင်ရွက်မည့် လျာထားနေရာတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ပေးအပ်**

ယင်းနောက် ပဲခူးမြစ်ရေ စီးဆင်းနေမှု၊ မဇင်းလမ်းဆုံအနီး ရေကျော်နေမှုနှင့် ကလျာဏီသိမ်တော်ကြီး ဘုန်းကြီးကျောင်း၌ အနိမ့်ပိုင်းနေအိမ်များမှ ယာယီရေဘေးရှောင်နေကြသည့် အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၂၇၀၊ လူဦးရေ ၁၁၆၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မုန့်နှင့် ထမင်းထုပ်များ ပေးအပ်ကာ ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်သို့ ရေဝင်ရောက်လျက်ရှိသည့် ပန်းဆိုးချောင်း ပြန်လည်တူးဖော်နိုင်ရေး၊ ဇိုင်းဂနိုင်းကြီးကျေးရွာမှ အနောက်ဘက်မြို့ရှောင်လမ်းသို့ ချိတ်ဆက်ထားသည့် ကျေးရွာချင်းဆက်လမ်း ယာယီရေကျော်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ကျင်းပသည့် (၁၁)ကြိမ်မြောက်အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပလျက်ရှိသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်လျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဗလာဒီဗော့စတော့မြို့ရှိ ရုရှားအရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ်၌ ကျင်းပသည့် "The Business Environment of the Future : Global Experience and New Solutions" ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ VEB.RF ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအဖွဲ့မှ မဟာဗျူဟာဌာနအကြီးအကဲ Mr. Mikhail Khomich က ဆောင်ရွက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတရုံး၏ ကျွမ်းကျင်ပညာရှင်များဌာန၊ ဒုတိယအကြီးအကဲ၊ ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM မှ ညွှန်ကြားရေးမှူး၊ Sberbank ၏ အမှုဆောင်ဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မဟာဗျူဟာမြောက် ဦးဆောင်မှုအေဂျင်စီ(ASI)မှ ညွှန်ကြားရေးမှူး၊ ကိုရီးယား-ရုရှား စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် ထိုင်း-ရုရှား စီးပွားရေးကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး ရုရှားအရှေ့ဖျားဒေသအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွေ့အကြုံကောင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးကိုကိုကျော်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေများ ပြဋ္ဌာန်းထားပြီး ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနေမှု၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ရေရှည်တည်တံ့သော ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဆောင်ရွက်ထားရှိမှုနှင့် MSMEs လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်(SEZ)စီမံကိန်းများကို ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရန် ဖိတ်ခေါ်ဆွေးနွေးသည်။

**သတင်းစဉ်**



## သနပ်ပင်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အကြို ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**သနပ်ပင် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂ ရက်က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဈေးပိုင်း ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝမ်း ဦးဆောင်မှုဖြင့် မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်းရှိ မြက်ပင်များရှင်းလင်းခြင်း၊ အမှိုက်များ၊ သစ်ကိုင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့်**

**လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**

**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## လယ်ယာမြေစီမံခန့်ခွဲရာတွင် တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်၊ သတ်မှတ်ထားသောမြေအသုံးချခွင့်နှင့် ဥပဒေအရ ရရှိထားသည့်အခွင့်အရေးများကို ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်မှာကြား

**ထားဝယ် စက်တင်ဘာ ၃**

လယ်ယာမြေ စီမံခန့်ခွဲရာတွင် တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်၊ သတ်မှတ်ထားသော မြေအသုံးချခွင့်နှင့် ဥပဒေအရ ရရှိထားသည့်အခွင့်အရေးများကို ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ မြေယာများနှင့်ပတ်သက်၍ ပြည်သူများက တင်ပြလာသော တိုင်ကြားစာများ၊ အငြင်းပွားမှုများ၊ လယ်ယာမြေသုံးစွဲမှု အခက်အခဲများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်ပေးရန် တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ပြောကြားသည်။

ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ (၄/၂၀၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြေယာစီမံခန့်ခွဲမှုတွင် လုပ်ငန်းတစ်ခုချင်းစီကို သီးခြားကြည့်ရှုခြင်းမပြုဘဲ ဒေသတစ်ခုလုံး၏မြေအသုံးချမှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု၊သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုနှင့် ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မှုအတွက်ပါ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မြေယာစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဌာနများ အနေဖြင့် ဌာနအလိုက် တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကယားပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်

**လွိုင်ကော် စက်တင်ဘာ ၃**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက်တွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်လမ်းဦးစီးဌာနက ဆောင်ရွက်နေသည့် သီရိဒေါလမ်း အမှတ်(၈)လမ်းမှ အမှတ်(၁၁) လမ်းမအထိ အရှည် ၂၂၉၇ ပေ ကို ကျောက်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဒေါဠုရပ်ကွက် အမှတ်(၆)လမ်း အရှည် ၂၆၂၅ ပေကို Well Graded ဖြင့် လမ်းချဲ့ခြင်းလုပ်ငန်းနှင့် ဒေါဠုရပ်ကွက် ခိုင်လုံးရွှေလမ်း အရှည်ပေ ၁၇၁၀ ကို ကျောက်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာသို့ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို အရည်အသွေးစစ်ဆေးရေးအဖွဲ့က လုပ်ငန်းအလွှာအလိုက် အရည်အသွေးစစ်ဆေးခြင်းများကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပြည်နယ်ကုသရေးဦးစီး ဌာနမှူးရုံးဝင်း အရှည် ၉၀၃ ပေ ခြံစည်းရိုး အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းနှင့် ဆေးဝါးသိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကုသရေးဦးစီးဌာနမှူးက ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆေးဝါးနှင့် ကုသရေးပစ္စည်းများ စုဆောင်းဖြည့်ဆည်းထားရှိမှု အခြေအနေများနှင့် ဆေးဝါးဖြန့်ဝေမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆေးဝါးသက်တမ်းများကို စဉ်ဆက်မပြတ် စစ်ဆေးရန်၊ စနစ်တကျ သိုလှောင်သိမ်းဆည်းရန်နှင့် ဆေးရုံ၊ ဆေးခန်းများတွင် ဆေးဝါးများပြည့်စုံအောင် စီမံဆောင်ရွက်ပေးရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ငဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ပုသိမ် စက်တင်ဘာ ၃**

ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ကာကွယ်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှတာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ ပေါင်းစပ်၍ ရေဝင်လမ်းအတွင်း Geo–bags အိတ်ကြီးများချခြင်း၊ ပန်းတာ၏ လက်ဝဲဘက်ခြမ်းနှင့် လက်ယာဘက်ခြမ်းတို့တွင် ရေတိုက်စားမှုမှကာကွယ်ရန် သဲအိတ် ၁၀၀ ပါ နိုင်လွန်ပိုက်ကြိုးဖြင့်ထုပ်ပိုးသည့် သဲအိတ်တွဲများချခြင်း၊ ရောမောင် သောင်တူးစက်ကြီးရေယာဉ်တွဲဖြင့် သဲတူးဖော်ပြီး ပန်းတာရေဝင်လမ်းအနီးသို့ သဲမှုတ်သွင်းခြင်း၊ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်နှင့် Silent Pile Driver, Vibro Hammer Driver တို့ဖြင့် Steel Sheet Pile ရိုက်ခြင်း၊ ရေဝင်လမ်းပိတ်ဆို့ကာကွယ်ရန် CB တွဲခွံ ပေ ၈၀ x ၁၈ ပေ x ၉ ပေ အတွင်း သဲ၊ ကျောက်ထည့်သွင်း နစ်မြုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်တာနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်း လုပ်ငန်းနှင့် ရေဝင်လမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေး ဆက်လက်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လေးမျက်နှာမြို့နယ်ရှိ ငဝန်တာနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာကို ရောမောင် သောင်တူးရေယာဉ်ဖြင့် သောင်တူး၍ သဲဖို့ခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် လေးမျက်နှာမြို့နယ် ကွမ်းခြံကုန်း(အရှေ့)ကျေးရွာ သေဋ္ဌိကာရုံကျောင်းတိုက်တွင် ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က "ပြည်သူများအနေဖြင့် ရေဘေးကြောင့် ရင်ဆိုင်နေရသည့်အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်းရိုင်းပင်းကူညီကာ အခက်အခဲများကို အတူတကွကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ရေကျဆင်းပြီးနောက် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း" ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ခဲ့သည်။

ထို့အတူ လေးမျက်နှာမြို့နယ် သခွတ်ချောင်းကျေးရွာအုပ်စုသို့သွားရောက်၍ အောင်ဆုပေးကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေဘေးရှောင်စခန်းအတွက် မီးစက်တစ်လုံး၊ စက်သုံးဆီများနှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်သည်။ ယင်းနောက် လေးမျက်နှာမြို့ ကူညီကယ်ဆယ်ရေးကွပ်ကဲရေးရုံးသို့ သွားရောက်၍ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့မှတစ်ဆင့် ဟင်္သာတမြို့နယ် တလုတ္တော်မြို့ အမှတ် (၂)ရပ်ကွက် ရွှေငြိမ်းကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားများပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ပြီး ပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ကျောင်းပေါင်းစည်း၍ ပညာရေးအရည်အသွေး မြှင့်တင်ရေးစီမံခန့်ခွဲမှု

**“ကျောင်းတစ်ကျောင်း၏ အရွယ်အစားသည် ပညာရေးအရည်အသွေးကို အဆုံးအဖြတ်မပေးနိုင်သော်လည်း ထိရောက်သောစီမံခန့်ခွဲမှု၊ သင့်လျော်မျှတသော ဆရာအင်အားဖြန့်ဝေမှုနှင့် အရင်းအမြစ်များကို စနစ်တကျ အသုံးချနိုင်မှုကသာ ကျောင်းသားတိုင်း၏ အနာဂတ်ကို ဆုံးဖြတ်ပေးနိုင်ပါသည်။” ယနေ့ ကမ္ဘာ့ပညာရေးစနစ်များသည် “ကျောင်းအရေအတွက်တိုးချဲ့ရေး”ထက် “ပညာရေးအရည်အသွေးမြှင့်တင်ရေး”ကို ပိုမိုဦးစားပေးလာကြပြီး အရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်သည့်နိုင်ငံများသာ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်ကြောင်း နိုင်ငံတကာအတွေ့အကြုံများက ပြသလျက်ရှိပါသည်။**

ဒေါက်ဖော်(သလ္လာမြေ)

ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံသားတိုင်းအတွက် အရည်အသွေးပြည့်ဝသော၊ တန်းတူညီမျှသော၊ လက်လှမ်းမီနိုင်သော အခြေခံ ပညာရေးစနစ်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေးသည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ ပညာရေး ရေစီးကြောင်းနှင့်အညီ ရလဒ်အခြေပြုပညာရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကျောင်းအုပ်ချုပ်ရေးစနစ်၊ ဆရာအင်အားဖြန့်ကြက်ချထားမှု၊ သင်ကြားရေးအရင်းအမြစ်များနှင့် ဘဏ္ဍာရေးအသုံးစရိတ်များကို ထိရောက်မျှတစွာ စီမံခန့်ခွဲနိုင်ခြင်းသည် မရှိမဖြစ်လိုအပ်သော အခြေခံအချက်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအများအပြား၏ ပညာရေးပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများအရ ကျောင်းသားဦးရေလျော့နည်းလာခြင်း၊ မြို့ပြနှင့်ကျေးလက်ဒေသအကြား လူဦးရေရွှေ့ပြောင်းနေထိုင်မှုများ တိုးပွားလာခြင်းတို့ကြောင့် ကျောင်းပေါင်းစည်းရေးသည် အထောက်အထားအခြေပြု ပညာရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာပါသည်။

ယင်းအခြေအနေများနှင့်အညီ မြန်မာနိုင်ငံ၏ လက်ရှိ ပညာရေးစီမံခန့်ခွဲမှုအခင်းအကျင်းတွင်လည်း “ကျောင်းပေါင်းစည်းရေး” သည် ပညာရေးအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ရေးနှင့် ရေရှည်တည်တံ့သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးအတွက် ဗျူဟာမြောက်ပြုပြင်ပြောင်းလဲမှုတစ်ရပ်အဖြစ် အချက်အလက်အခြေပြုစီမံကိန်းများကို အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ယခင်ကာလ ဖြေလျှော့မှုများ၏ သင်ခန်းစာများ

မြန်မာနိုင်ငံ၏ အခြေခံပညာစနစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ကျောင်းအဆင့်တိုးမြှင့်ခြင်းသည် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူခွင့် ပိုမိုလက်လှမ်းမီစေရေး၊ ဒေသအလိုက် ပညာရေးအခွင့်အလမ်းများ တန်းတူညီမျှစေရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်သည့် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

ထို့ကြောင့် မူလတန်းမှ မူလတန်းလွန်အဆင့်၊ မူလတန်းမှ အလယ်တန်း၊ အလယ်တန်းမှ အထက်တန်းကျောင်းခွဲနှင့် အထက်တန်းအဆင့်သို့ တိုးမြှင့်သတ်မှတ်ရာတွင် ကျောင်းသားအရေအတွက်၊ ပင်မကျောင်းနှင့် အကွာအဝေး၊ ဒေသအခြေအနေ၊ ကျောင်းဧရိယာအကျယ်အဝန်း၊ ကျောင်းအဆောက်အအုံနှင့် သင်ကြားရေးအထောက်အကူပြု အခြေခံအဆောက်အအုံများလုံလောက်မှု စသည့်စံသတ်မှတ်ချက်များကို အခြေခံ၍ စနစ်တကျသုံးသပ်ဆုံးဖြတ်ခဲ့သည့် အစီအမံအခြေခံများရှိပါသည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်၏ “မည်သည့်ကလေးတစ်ဦးမျှ ပညာသင်ယူခွင့်မဆုံးရှုံးစေရ” ဟူသော ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အလေးထားဆောင်ရွက်ခဲ့ပါသည်။ ယင်းရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ယခင်ကာလအချို့တွင် လုပ်ငန်းစဉ်အလိုက် လိုက်လျောညီထွေဖြစ်သော ဖြေလျှော့ဆောင်ရွက်မှုများကို အခြေအနေအရ ဆောင်ရွက်ခဲ့ရပါသည်။

ယင်းဆောင်ရွက်ချက်များသည် ထိုအချိန်ကာလ၏ လူမှုရေးနှင့် ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည့် အပြုသဘောဆောင်သော အစီအမံများဖြစ်ခဲ့သော်လည်း ရေရှည်အကောင်အထည်ဖော်မှုအဆင့်တွင် စနစ်တကျပြန်လည်သုံးသပ်ရမည့် အခြေအနေ ဖြစ်ပေါ်လာခဲ့ပါသည်။

> **“ခေတ်မီစာသင်ခန်းများ၊ စာကြည့်တိုက်များ၊ သိပ္ပံဓာတ်ခွဲခန်းများ၊ ဒီဂျစ်တယ်သင်ယူမှု အထောက်အကူပြုစနစ်များ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)အခြေခံအဆောက်အအုံများ၊ ဆရာများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များနှင့် ကျောင်းသားများ၏ သင်ယူမှုအရည်အသွေးကို တိုက်ရိုက်အထောက်အကူပြုမည့် လုပ်ငန်းများတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံနိုင်ခြင်းသည် ပညာရေးကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အကျိုးကျေးဇူးတစ်ရပ် ဖြစ်ပါသည်။ ယင်းသည် ဆရာများအတွက် ပိုမိုထိရောက်သော သင်ကြားရေးပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သကဲ့သို့ ကျောင်းသား ကျောင်းသူများအတွက်လည်း ဘေးကင်းလုံခြုံ၍ သင်ယူမှုအရည်အချင်းကို အပြည့်အဝ ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် အခွင့်အလမ်းများကို ပိုမိုရရှိစေမည်”**

အထူးသဖြင့် စံသတ်မှတ်ချက်များကို ဒေသလိုအပ်ချက်အရ ပိုမိုပြောင်းလွယ်ပြင်လွယ် ကျင့်သုံးခဲ့ခြင်းကြောင့် ကျောင်းအရေအတွက်မှာ သိသာစွာ တိုးတက်လာခဲ့သော်လည်း တစ်ဖက်တွင် ဆရာအင်အားခွဲဝေချထားရေး၊ ဘဏ္ဍာရေးအသုံးစရိတ်စီမံခန့်ခွဲရေး၊ ရေ၊ လျှပ်စစ်၊ သင်ထောက်ကူများ၊ အခြေခံအဆောက်အအုံများနှင့် သန့်ရှင်းရေးကို ကျောင်းအားလုံးတွင် အရည်အသွေးတူညီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုသင်ခန်းစာများကို အခြေခံ၍ လက်ရှိကာလတွင် အချက်အလက်အခြေပြု ပညာရေးစီမံကိန်းများနှင့် ရေရှည်တည်တံ့သော ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို စနစ်ကျစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ကျောင်းပေါင်းစည်းရေး၏ အနှစ်သာရနှင့် စနစ်တကျ ဆရာအင်အားဖြန့်ခွဲတာဝန်ချထားမှု

ယနေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျောင်းပေါင်းစည်းရေး၏ အဓိကရည်ရွယ်ချက်မှာ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူခွင့်ကို ကန့်သတ်ခြင်း သို့မဟုတ် ဒေသခံပြည်သူများ၏ ပညာရေးအခွင့်အလမ်းကို လျှော့ချခြင်း မဟုတ်ဘဲ ပညာရေးအရင်းအမြစ်များကို ပိုမိုမျှတစွာစီမံခန့်ခွဲ၍ ကျောင်းသားတိုင်း အရည်အသွေးတူညီသော သင်ယူမှုအခွင့်အလမ်းများ ရရှိစေရေးကို ရည်ရွယ်သည့် ခေတ်မီပညာရေးစီမံခန့်ခွဲမှု ဖြစ်ပါသည်။

လက်တွေ့အခြေအနေများအရ ဒေသအချို့တွင် အနီးကပ်ဧရိယာတစ်ခုအတွင်း ကျောင်းများစွာ တည်ရှိနေခြင်းကြောင့် ကျောင်းသားဦးရေသည် ကျောင်းအသီးသီးသို့ ပျံ့နှံ့သွားကာ အချို့ကျောင်းများတွင် ကျောင်းသားအင်အားနည်းပါးပြီး ဆရာ ဆရာမအင်အားမှာ လိုအပ်သည်ထက် ပိုမိုစုစည်းနေသည့် အခြေအနေများ ရှိနေပါသည်။ တစ်ဖက်တွင်မူ ကျောင်းသားဦးရေ များပြားသော ပင်မကျောင်းများနှင့် ဖွံ့ဖြိုးဆဲဒေသများတွင် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ရန် ဆရာအင်အားထပ်မံလိုအပ်နေသည့် အခြေအနေများလည်း တွေ့ရှိရပါသည်။

ထိုသို့သော အခြေအနေများကို အခြေခံ၍ ကျောင်းပေါင်းစည်းရေးသည် ဆရာအင်အားကို တိုးမြှင့်ခန့်အပ်ခြင်းထက် ရှိပြီးသား လူ့စွမ်းအားအရင်းအမြစ်များကို အချက်အလက်အခြေပြု မျှတ၍စနစ်တကျပြန်လည်ဖြန့်ခွဲတာဝန်ချထားခြင်းကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ယင်းသည် ဆရာများ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို အမှန်တကယ်လိုအပ်နေသော ကျောင်းများတွင် ပိုမိုထိရောက်စွာ အသုံးချနိုင်စေရန် ရည်ရွယ်သည့် ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ ကောင်းမွန်သော အစီအမံတစ်ရပ်လည်းဖြစ်ပါသည်။ အထူးသဖြင့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ဒေသအတွင်းရှိ သင့်လျော်သောကျောင်းများတွင်ပင် ဆက်လက် ပညာသင်ယူနိုင်သဖြင့် ကျောင်းတက်ရောက်မှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် နေ့စဉ်သင်ယူမှုအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်ထားခြင်းလည်းဖြစ်ပါသည်။

## နိုင်ငံတကာမှ ကျောင်းပေါင်းစည်းရေး အတွေ့အကြုံများနှင့် လုပ်ထုံးလုပ်နည်းများ

နိုင်ငံတစ်နိုင်ငံချင်းစီ၏ လူဦးရေဖွဲ့စည်းပုံ၊ ပထဝီဝင်အခြေအနေ၊ လူမှုစီးပွားဖွံ့ဖြိုးမှုနှင့် ပညာရေးလိုအပ်ချက်များ မတူညီကြသော်လည်း အထောက်အထားအခြေပြုချမှတ်ခြင်းနှင့် အတွေ့အကြုံကောင်းများကို အပြန်အလှန် သင်ယူအသုံးချခြင်းသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အစိတ်အပိုင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံတွင် ကလေးမွေးဖွားနှုန်း လျော့နည်းလာခြင်း၊ ကျေးလက်ဒေသများ၌ လူဦးရေလျော့နည်းလာခြင်းနှင့် မြို့ပြဒေသများသို့ လူဦးရေရွှေ့ပြောင်းနေထိုင်မှုများကြောင့် ကျောင်းသားဦးရေ သိသာစွာ လျော့နည်းလာခဲ့ပါသည်။ ထိုအခြေအနေကို တုံ့ပြန်ရန် ဂျပန်နိုင်ငံ၏ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန (Ministry of Education, Culture, Sports, Science and Technology – MEXT)သည် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျောင်းများကို ပြန်လည်ဖွဲ့စည်းခြင်းနှင့် ကျောင်းကွန်ရက်များကို အဆင့်လိုက် ပြန်လည်စီမံခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

အထူးသဖြင့် MEXT က ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော “အစိုးရမူလတန်းနှင့် အလယ်တန်းကျောင်းများ၏ သင့်လျော်သော ကျောင်းအရွယ်အစား သတ်မှတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ”တွင် ကျောင်းသားဦးရေ ကျဆင်းလာသော ဒေသများ၌ ပညာရေးအရည်အသွေးကို ရေရှည်ထိန်းသိမ်းနိုင်ရန်၊ သင့်လျော်သော ကျောင်းအရွယ်အစားကို ဖော်ဆောင်ရန်နှင့် လိုအပ်သည့်အခါ ကျောင်းများကို ပေါင်းစည်းခြင်း သို့မဟုတ် ပြန်လည်ဖွဲ့စည်းခြင်းကို ဒေသအခြေအနေနှင့် ကိုက်ညီစွာ ဆောင်ရွက်ရန် လမ်းညွှန်ထားပါသည်။

စင်ကာပူနိုင်ငံ ပညာရေးဝန်ကြီးဌာနက လူဦးရေပြောင်းလဲလာမှု၊ မွေးဖွားနှုန်းကျဆင်းလာမှု၊ ကျောင်းသားအရေအတွက် အပြောင်းအလဲများနှင့် ဒေသအလိုက် ပညာရေးလိုအပ်ချက်များကို အခြေခံ၍ ကျောင်းသားဦးရေ လျော့နည်းလာသော ဒေသများတွင် ပညာရေးအရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံးချနိုင်ရန်နှင့် ကျောင်းသားများအတွက် အရည်အသွေးမြင့် သင်ယူမှုပတ်ဝန်းကျင်ကို ဆက်လက်ထိန်းသိမ်းပေးနိုင်ရန် လိုအပ်သည့်အခါ ကျောင်းများကို ပေါင်းစည်းဆောင်ရွက်လေ့ရှိပါသည်။

ဥပမာအားဖြင့် စင်ကာပူနိုင်ငံတွင် ၂၀၁၉ ခုနှစ်မှစ၍ မွေးဖွားနှုန်းကျဆင်းလာမှုနှင့် ကျောင်းသားဦးရေ လျော့နည်းလာမှုတို့ကြောင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအချို့ကို အဆင့်လိုက် ပေါင်းစည်းခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင်လည်း အလားတူ ကျောင်းပေါင်းစည်းမှုများကို ဆောင်ရွက်ခဲ့ကြောင်း စင်ကာပူပညာရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားပါသည်။

ဤသို့ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ခဲ့ခြင်းကြောင့် ပညာရေးအရည်အသွေးကို ထိခိုက်စေခြင်းမရှိဘဲ ဆရာအင်အား၊ ငွေကြေးနှင့် ပညာရေး အရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံးချနိုင်ခဲ့ပြီး ကျောင်းများ၏ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် စင်ကာပူပညာရေးစနစ်၏ အရည်အသွေးမြင့်မားမှုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း စင်ကာပူပညာရေးဝန်ကြီးဌာန၏ မူဝါဒထုတ်ပြန်ချက်များနှင့် နှစ်စဉ်အစီရင်ခံစာများက ဖော်ပြထားပါသည်။

## ပညာရေးအရင်းအမြစ်များကို ထိရောက်စွာ အသုံးချခြင်းနှင့် ကျောင်းများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး

ကျောင်းပေါင်းစည်းရေး၏ အဓိက အကျိုးကျေးဇူးများအနက် တစ်ရပ်မှာ နိုင်ငံတော်၏ ပညာရေးအရင်းအမြစ်များကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲ အသုံးချနိုင်ခြင်းဖြစ်ပါသည်။ စာသင်ကျောင်းတစ်ကျောင်းကို လည်ပတ်ရာတွင် အဆောက်အအုံပြုပြင်ထိန်းသိမ်းရေး၊ လျှပ်စစ်၊ ရေ၊ သန့်ရှင်းရေး၊ လုံခြုံရေး၊ စီမံအုပ်ချုပ်ရေးနှင့် နေ့စဉ်လည်ပတ်မှုဆိုင်ရာ အသုံးစရိတ်များကို အဆက်မပြတ် ရင်းနှီးမြှုပ်နှံရပါသည်။ ထို့ကြောင့် ကျောင်းသားဦးရေနည်းပါးသောကျောင်းများကို ဒေသအခြေအနေနှင့် ကိုက်ညီစွာ စနစ်တကျပြန်လည်ဖွဲ့စည်းဆောင်ရွက်နိုင်ပါက လည်ပတ်မှုကုန်ကျစရိတ်များကို ပိုမိုထိရောက်စွာ စီမံနိုင်မည်ဖြစ်ပြီး သက်သာလာသော ဘဏ္ဍာရေးအရင်းအမြစ်များကို ပညာရေးအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ပါသည်။

အထူးသဖြင့် ခေတ်မီစာသင်ခန်းများ၊ စာကြည့်တိုက်များ၊ သိပ္ပံဓာတ်ခွဲခန်းများ၊ ဒီဂျစ်တယ်သင်ယူမှု အထောက်အကူပြုစနစ်များ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT) အခြေခံအဆောက်အအုံများ၊ ဆရာများ၏ အသက်မွေး

စာမျက်နှာ ၁၁ သို့

## ထိမိမလွဲ စာတတ်ပွဲ

- တစ်ကိုးခြောက်လေး နှစ်အအေးဝယ်
ရေးဖတ်အတွက် “အ” သုံးခွက်ကို
သွက်သွက်ချီရှုန်း စတင်လုံးသည်
တုံးဝယ်စံပြ နှလုံးအလှ။
- တစ်ကိုးခွန်တစ် စက်တင်ရှစ်တွင်
သစ်လွင်လှဆန်း “ပါရီ”ခန်း၌
လမ်းတွင်စာဖတ် နည်းအတတ်ကြောင့်
အပ်ကာဆုချီတ် မြန်ပြည်ထိပ်။
- “နိမာ” ဆုချွန် တံဆိပ်မွန်လည်း
သွန်ကာရစ်လောင်း မြန်ပြည်ခေါင်းမို့
ကောင်းသောအတိတ် ဟောင်းအရိပ်ကား
ထိပ်မှာလွင့်မိုး ပြည့်တန်ဖိုး။
- ဘတ်ဂျက်မလို ပြည်သူကြို၍
ထိုစာဖတ်ခန်း ပြည်တစ်ဝှမ်းကြောင့်
သန်းချီပြည်သူ စာတတ်သူသည်
မူဝါအောင်ပန်း တမ်းတလွမ်း၏။
- ရှေးအစဉ်ဆက် ကောင်းမှုဖက်၍
သက်ရောက်ကျေပွန် တိုင်းပြည်ဝန်ကို
မွန်ရည်လေးစား အရေးထားလျက်
နားဝယ်မှတ်သိ ရင်ဝယ်ငြိသော်
ထိမိမလွဲ စာတတ်ပွဲ။

(၈-၉-၂၀၂၄ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့်)

ညိုဝင်း(ချစ်မြေ)

## ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း မြို့၊ ရွာ၊ ရပ်ကွက်များသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၃**

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား တာမိုင် ၁၁/၅ နှင့် ၁၁/၆ ကြား ယာယီပန်းတာတည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ မြစ်ကမ်းပါး ရေတိုက်စားမှုဒဏ်ကာကွယ်ရန်နှင့် ကမ်းပါးမြေ မပြိုကျစေရန် ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သည့် ဝါးကရစ်ကွက်ရိုက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ဝမ်းကျောင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များနှင့် ကျောင်းသားများ၏ သင်ယူမှုအရည်အသွေးကို တိုက်ရိုက်အထောက်အကူပြုမည့် လုပ်ငန်းများတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံနိုင်ခြင်းသည် ပညာရေးကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အကျိုးကျေးဇူးတစ်ရပ် ဖြစ်ပါသည်။ ယင်းသည် ဆရာများအတွက် ပိုမိုထိရောက်သော သင်ကြားရေးပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သကဲ့သို့ ကျောင်းသား ကျောင်းသူများအတွက်လည်း ဘေးကင်းလုံခြုံ၍ သင်ယူမှုအရည်အချင်းကို အပြည့်အဝဖွံ့ဖြိုးတိုးတက်စေနိုင်မည့် အခွင့်အလမ်းများကို ပိုမိုရရှိစေမည်ဖြစ်ပါသည်။

**အရည်အသွေးပြည့်ဝသော ပညာရေးစနစ်နှင့် မျှတသော အနာဂတ်ဆီသို့**

အနှစ်ချုပ်အားဖြင့် ကျောင်းပေါင်းစည်းရေး၏ ရည်မှန်းချက်မှာ “ကျောင်းတိုင်း အရည်အသွေးရှိရေး၊ ဆရာတိုင်း အရည်အချင်းပြည့်ဝရေး၊ ကျောင်းသားတိုင်း အခွင့်အလမ်းတန်းတူရရှိရေး” နှင့် ပညာရေးကဏ္ဍ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အားဖြည့်ပေးနိုင်ရန်ဖြစ်ပါသည်။ လုပ်ငန်းစဉ်တစ်ရပ်၏ အောင်မြင်မှုသည် ဆောင်ရွက်သည့် အကြောင်းအရာပေါ်တွင်သာ မူတည်ခြင်းမဟုတ်ဘဲ အကောင်အထည်ဖော်ရာတွင်ပါဝင်သည့် လူတိုင်း၏ နားလည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်တွင်လည်း များစွာတည်မှီလျက်ရှိပါသည်။ ထို့ကြောင့် ပညာရေးစီမံခန့်ခွဲသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် သက်ဆိုင်သူအားလုံးသည် “ကျောင်းသား အကျိုးစီးပွားကို ဦးစားပေး”ဟူသော အခြေခံသဘောတရားကို လက်ကိုင်ထား၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများ “ကျောင်းနေပျော်၍ စာတော်ရမည်” ဟူသော ပညာရေးယဉ်ကျေးမှုကို ပိုမိုခိုင်မာစွာ တည်ဆောက်နိုင်မည်ဖြစ်ပြီး သင်ယူမှုအရည်အသွေး၊ ကျောင်းပတ်ဝန်းကျင်၏ အားလုံးပါဝင်မှုနှင့် ပညာရေးတန်းတူညီမျှမှုတို့ကိုလည်း တစ်ပြိုင်နက်တည်း မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ အနာဂတ်ကို မျှော်ကြည့်မည်ဆိုပါက အရည်အသွေး၊ တန်းတူညီမျှမှုနှင့် ထိရောက်မှုကို အခြေခံသော ပညာရေးစနစ်တစ်ရပ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး၏ အဓိကအင်အားဖြစ်မည်မှာ သံသယမရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကျောက်ဆည်တက္ကသိုလ်၌ တိရစ္ဆာန်ရုပ်လုံးသွင်းအတတ်ပညာသင်တန်းဆင်းပွဲကျင်းပ



စဉ့်ကိုင် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သတ္တဗေဒဌာနမှ ကြီးမှူးကျင်းပသော တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာသင်တန်းဆင်းပွဲကို ယမန်နေ့က ကျင်းပရာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ လဲ့လဲ့ဝေ၊ ဒုတိယ ပါမောက္ခချုပ်များ၊ သတ္တဗေဒဌာနမှ ပါမောက္ခဌာနမှူးနှင့် နည်းပြ/သရုပ်ပြ ဆရာ ဆရာမများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန Htoo zoo & Gardens Business Unit မှ တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာရှင်နှင့် နည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်း လက်မှတ်များကိုပေးအပ်ပြီး တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာရှင် ဆရာ ဦးမျိုးနိုင်အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

---

❍ *ကျောဖုံးမှ*

ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ထို့နောက် ပွဲချိန် ၃၇ မိနစ်တွင် သူရမင်းသန့်က ဒုတိယဦးဆောင်ဂိုး ထပ်မံရယူပေးခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အသာစီးရယူထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ပြိုင်ပွဲကို ဆက်လက်စိုးမိုးထားနိုင်ခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင် ဘရူနိုင်းအသင်းမှ မိုဟာမက်အဇ်ရီ၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသည့် အမှားမှတစ်ဆင့် တတိယမြောက်ဂိုး ရရှိခဲ့သည်။ ထို့နောက် ပွဲချိန် ၇၄ မိနစ်တွင် သော်ဇင်ကိုက ပယ်နယ်တီမှတစ်ဆင့် စတုတ္ထဂိုး၊ ပွဲချိန် ၈၁ မိနစ်တွင် စိုင်းဘိုဘိုကျော်နှင့် ၈၂ မိနစ်တွင် ကျော်ညီညီတို့က အနိုင်ဂိုးများ ဆက်တိုက်သွင်းယူပေးခဲ့ကြသည်။ ထို့ပြင် ပွဲချိန် ၈၄ မိနစ်တွင် သော်ဇင်ကိုကပင် ခုနစ်ဂိုးမြောက်အနိုင်ဂိုးကို ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းသည် ပွဲစတင်ချိန်မှစ၍ ပွဲကိုအသာစီးမှ ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် အနိုင်ဂိုးများ ဆက်တိုက်သွင်းယူကာ သုံးမှတ်အပြည့် ရယူနိုင်ခဲ့သည်။

မြန်မာ ယူ-၂၀ အသင်းသည် အုပ်စုခြေစစ်ပွဲ ပထမပွဲစဉ်အဖြစ် ဩဂုတ် ၃၁ ရက်က သီရိလင်္ကာအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိထားပြီး ယခုဘရူနိုင်းအသင်းကို ထပ်မံအနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲနိုင်၊ ရမှတ် ခြောက်မှတ်ဖြင့် အုပ်စု (K)၏ ထိပ်ဆုံးနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၆ ရက်တွင် မော်လ်ဒိုက်အသင်းနှင့် သုဝဏ္ဏကွင်း၌ ဆက်လက် ယှဉ်ပြိုင်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အုပ်စုပထမနေရာဖြင့် အာရှဖလားခြေစစ်ပွဲ အောင်မြင်သွားနိုင်မလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**နေမျိုး**
**ဓာတ်ပုံ-MFF**

---

❂ *ကျောဖုံးမှ*

သေနတ်ပြ ခြိမ်းခြောက်၍ ဆိုင်ဝန်ထမ်း အမျိုးသမီး သုံးဦးကို တိပ်အဝါဖြင့် လက်နောက်ပြန်ချည်နှောင်ကာ နေအိမ်ဆိုင်အတွင်းရှိ မီးခံသေတ္တာနှင့် ဗီရိုအတွင်းမှ စာရွက်စာတမ်းများ၊ ရွှေထည်/စိန်ထည်ပစ္စည်းမျိုးစုံ၊ ငွေကျပ်သိန်း ၅၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၅၀၈၅၀ ကျပ်ခန့်ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ စစ်ကဲကုန်းနယ်မြေရဲစခန်း(ပ)၁၁၀/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၂/၁၁၄ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများ ရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူတရားခံ မော်လမြိုင်မြို့နယ် ဇေယျာမြိုင်ရပ်ကွက်နေ စန်းအေး (၅၃) နှစ်အား ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ၎င်း၏နေအိမ်၌ လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ရွှေထည်ပစ္စည်း ခုနစ်မျိုးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စန်းအေး၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မော်လမြိုင်မြို့နယ် ကွဲခြံကုန်းရပ်ကွက်နေ တရားခံ ထွန်းချေ(ခ) ရခိုင် (၆၉) နှစ်အား ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ၎င်း၏ နေအိမ်၌လည်းကောင်း၊ ကျိုက်မရောမြို့နယ် ကြခတ်ကုန်းကျေးရွာနေ တရားခံ ကျော်တင့်(ခ)စောဖိုးကျော် (၃၄) နှစ်အား စက်တင်ဘာ ၁ ရက် ညပိုင်းတွင် ၎င်း၏ နေအိမ်၌လည်းကောင်း၊ စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ကျိုက်မရောမြို့နယ်၊ ကြခတ်ကုန်းကျေးရွာနေ မင်းထက်သာ (၂၅) နှစ်၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျုံမရေးကျေးရွာနေ မင်းကိုကို(၂၆)နှစ်နှင့် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဗုဒ္ဓရပ်ကွက်နေ စောတင်ရဲအောင်(ခ)ကရင်(ခ)ကတုံး(၃၈)နှစ်တို့ သုံးဦးကို ကျိုက်မရောမြို့နယ် ကြခတ်ကုန်းကျေးရွာရှိ မင်းထက်သာ၏ နေအိမ်၌ လုယက်မှုကျူးလွန်ရာမှ ရရှိသည့် မီးခံသေတ္တာနှင့် ရွှေထည်/ စိန်ထည်/ ပုလဲပစ္စည်း မျိုးစုံ ၁၂ မျိုးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ ခြောက်ဦးကို ရွှေထည်ပစ္စည်းမျိုးစုံ ၁၉ မျိုးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများ ဆက်လက်သိမ်းဆည်းနိုင်ရေးနှင့် ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## မိတ္ထီလာမြို့နယ်၌ အခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

မိတ္ထီလာ စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ အခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ညောင်မြင့်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း မန်ကျည်း၊ ဇီး၊ ငရုတ်အခြေခံအခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများကို စက်တင်ဘာလ ၂ ရက်မှ ၈ ရက်အထိ ပထမအကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



---

❒ *ကျောဖုံးမှ*

မြောက်ကိုရီးယားကလပ် Naegohyang FC ပါဝင်သည့် အုပ်စု (A)၌ ကျရောက်ခဲ့ပြီး အဆိုပါအုပ်စု (A) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲတွင် အာရှဒေသတွင်းမှ ထိပ်သီး ၁၂ သင်းပါဝင်ပြီး အုပ်စု သုံးစုခွဲခြားကာ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အုပ်စု(A)တွင် အိမ်ရှင် ရှောဝတီအက်ဖ်စီ၊ လက်ရှိချန်ပီယံ Naegohyang FC (မြောက်ကိုရီးယား)၊ ဂျပန်ထိပ်သီးကလပ် INAC Kobe Leonessa နှင့် အီရန်ကလပ် Bam Khatoon FC တို့ ပါဝင်နေသဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စုအဆင့် ပွဲစဉ်များကို လာမည့်နိုဝင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံး နှစ်သင်းနှင့် အကောင်းဆုံးတတိယရရှိသည့် နှစ်သင်း (စုစုပေါင်း ရှစ်သင်း) မှာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

အုပ်စုမဲခွဲမှုရလဒ်များအရ အုပ်စု(B)တွင် Hwacheon KSPO WFC (တောင်ကိုရီးယား)၊ ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ East Bengal FC (အိန္ဒိယ)နှင့် 4.25 SC (မြောက်ကိုရီးယား)၊ အုပ်စု (C)တွင် Melbourne City FC (ဩစတြေးလျ)၊ Beijing Jingtan FC (တရုတ်)၊ Kaya FC-Iloilo (ဖိလစ်ပိုင်)နှင့် PFC Nasaf တို့ ပါဝင်နေသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

---

▼ *ကျောဖုံးမှ*

နောက်ဆုံး ဗိုလ်လုပွဲတွင် အနီဆီ မိုဗာတို့ကို အနိုင်ယူကာ နှစ်ကြိမ်ဆက် ဖလားဆွတ်ခူးထားသူ ဖြစ်သည်။

၎င်းသည် ယခုနှစ် ယူအက်စ်အိုးပင်းပြိုင်ပွဲ တတိယအဆင့်တွင် ကာမီလာ ရာခီမိုဗာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရာခီမိုဗာသည် ယူအက်စ်အိုးပင်း ဒုတိယအဆင့်တွင် စပိန်တင်းနစ်မယ် အော့ခ်ဆာနာဆီလက်ခ်မက်တီဗာ ကို ၆-၃၊ ၆-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ တတိယအဆင့် တက်လှမ်းလာသူဖြစ်သည်။

ဆာဘယ်လင်ကာနှင့်အတူ ယူအက်စ်အိုးပင်းပြိုင်ပွဲ တတိယအဆင့်သို့ တောင်းဆန့်၊ ရှနိုက်ဒါ၊ နာဗာရို၊ မူချိုဗာ၊ လီ၊ နော့စကိုဗာ၊ စဗီတိုလီနာ၊ ကော့ကျူခ်၊ အဲလက်ဇန်ဒရိုဗာ၊ ကာလင်စကာယာ စသည့်တင်းနစ်မယ်များ တက်လှမ်းထားနိုင်ပြီဖြစ်သည်။

**အောင်ဇော်**

---

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် စက်တင်ဘာ ၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**




## မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၃**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်(ကြည်း၊ရေ၊လေ) မှ ကျောင်းသား ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများ နေပြည်တော်ရှိ အထင်ကရနေရာများကို သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၃**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် အခြေခံပညာလူရည်ချွန်ဆုရရှိသူများနှင့် မိဘများသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင်တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။



ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် သာသနိက အဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ကျောင်းသား ကျောင်းသူများနှင့် မိဘများသည် တပ်မတော်စစ်သမိုင်းပြတိုက်နေပြည်တော်သို့ သွားရောက်လေ့လာကြသည်။ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) ရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)ပြခန်းများ၊ လက်ရုံးတပ်ဖွဲ့ညွန့်ကြားရေးမှူးရုံးပြခန်းများနှင့် ပြင်ပပြကွက်များကို လေ့လာကြည့်ရှုကြရာ ပြတိုက်တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြခန်းပြကွက်များနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမွည်းရေးထိုးထားရှိသည့် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်ဂါရဝပြုအလေးပြုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရွှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရွှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုပန်းကုံးများဖြင့် ဂုဏ်ပြုကြိုဆို**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရွှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရွှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များ ဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရွှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

စက်တင်ဘာ ၅ ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိနေမည်။ **မိုး/ဇလ**

## "မိုးသည်းတိုင်း လွမ်းတယ်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ စက်တင်ဘာ ၄ ရက် သောကြာနေ့ညပိုင်းတွင် "မိုးသည်းတိုင်း လွမ်းတယ်" တေးဂီတ ဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် D ဖြိုး၊ ဒုံချပ်၊ ဈာန်ထူး၊ ရေဗက္ကာဝင်း၊ ရွှေထိုက်နှင့် နန်းခင်ဇေယျာတို့က ဝါခေါင်မိုးတို့ တဖြိုင်ဖြိုင်ရွာသွန်းဖြိုးမှုနှင့်အတူ ဝါခေါင်လ၏ သင်္ကေတဖြစ်သည့် ခတ္တာပန်းတို့ မွှေးကြိုင်နေသည့် ဝါခေါင်မိုးနှင့်အပြိုင် လှမ်းလာမည့် ချစ်ပန်းရနံ့တို့ သင်းပျံ့နေမည့် တေးကဗျာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

"မိုးသည်းတိုင်း လွမ်းတယ်"တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၄ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် စက်တင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# အမေရိကန် ကြားဖြတ်ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးမှု အရှိန်မြှင့်



**ဝါရှင်တန်ဒီစီ စက်တင်ဘာ ၃**

အမေရိကန်နိုင်ငံ၌ နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ နှစ်လအလိုတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်နေကြသည်။ သမ္မတရွေးကောက်ပွဲကြားကာလတွင် ကျင်းပသည့် အဆိုပါ ရွေးကောက်ပွဲများတွင် အမေရိကန် ကွန်ဂရက်လွှတ်တော်အတွင်းရှိ နေရာများအပြင် ပြည်နယ်နှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များ၏ ရာထူးနေရာများကိုလည်း ရွေးချယ်သွားမည်ဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ လူထုထောက်ခံမှုနှုန်းမှာ ၃၉ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ဒုတိယသက်တမ်း စတင်တာဝန်ယူချိန်မှစ၍ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်ဟု နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက် ဝက်ဘ်ဆိုက် RealClearPolitics က စုစည်းဖော်ပြထားသည့် လူထုသဘောထား စစ်တမ်းများအရ သိရသည်။ အီရန်နှင့် ပဋိပက္ခဖြစ်ပွားနေမှုနှင့် ကုန်ဈေးနှုန်းများ မြင့်တက်လာမှုတို့ကြောင့် ယခုကဲ့သို့ ထောက်ခံမှုနှုန်း ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ထရမ့်သည် ပြည်သူများ၏ ထောက်ခံမှုရရှိရန်အတွက် နိုင်ငံတစ်ဝန်း မဲဆွယ်စည်းရုံးပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရီပတ်ဘလီကန် အမျိုးသားညီလာခံကို ကျင်းပပြီး မဲဆွယ်စည်းရုံးရေး အရှိန်အဟုန်မြှင့်တင်သွားမည်ဖြစ်သည်။

တစ်ဖက်တွင် ဒီမိုကရက်ပါတီကလည်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ပိုမိုတက်ကြွစွာ လုပ်ဆောင်လာပြီး အထူးသဖြင့် လူနေမှုစရိတ်များ အဆမတန်မြင့်တက်လာမှုကဲ့သို့သော ကိစ္စရပ်များကို အဓိကထား မဲဆွယ်စည်းရုံးနေသည်။ ယခုကြားဖြတ်ရွေးကောက်ပွဲကို ထရမ့်အစိုးရအပေါ် ပြည်သူများ၏ သဘောထားကို တိုင်းတာနိုင်မည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ရှုမြင်နေကြသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘောဒီးယား ဆန်တင်ပို့မှု ရှစ်လအတွင်း ၆၇ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်



**ဖနောင်ပင် စက်တင်ဘာ ၃**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၆ ခုနှစ် ပထမရှစ်လအတွင်း ဆန်တန်ချိန် ၇၉၂၂၀၂ တန်ကို တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၆၇ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်ဟု ကမ္ဘောဒီးယား ဆန်အသင်းချုပ်က စက်တင်ဘာ ၃ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဆန်တင်ပို့မှုမှ ဝင်ငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ ၄၆၄ ဒသမ ၁ သန်းရှိပြီး ၂၀၂၅ ခုနှစ် ပထမရှစ်လက ဝင်ငွေရရှိမှုနှင့် နှိုင်းယှဉ်လျှင် ၃၃ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံမှ ဆန်များကို ကုမ္ပဏီပေါင်း ၆၁ ခုက နိုင်ငံပေါင်း ၆၆ နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်အတွင်း အစိုးရက သတ်မှတ်ထားသည့် ဆန်တန်ချိန် တစ်သန်း တင်ပို့ရန် ရည်မှန်းချက်ကို ပထမဦးဆုံးအကြိမ် အလွယ်တကူပြည့်မီအောင် လုပ်ဆောင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ဆန်အသင်းချုပ်ဥက္ကဋ္ဌ လေချွန်ဟာက ပြောသည်။ **ဆင်ဟွာ**

# စပိန် ကန်နရီကျွန်းစုအနီး လှေမျောတစ်စင်းပေါ်၌ ရွှေ့ပြောင်းနေထိုင်သူ ၈၀ ကျော် သေဆုံးဖွယ်ရှိ

**မက်ဒရစ် စက်တင်ဘာ ၃**

ဂမ်ဘီယာနိုင်ငံမှ လူပေါင်း ၁၂၈ ဦးကို တင်ဆောင်လာသည့် လှေတစ်စင်းသည် ပင်လယ်ပြင်တွင် တစ်လကြာမျောပါပြီးနောက် စပိန်နိုင်ငံ ကန်နရီကျွန်းစု၏ တောင်ဘက်တွင် တွေ့ရှိခဲ့သည်။

အဆိုပါလှေပေါ်တွင် ရွှေ့ပြောင်းနေထိုင်သူ ၈၀ ခန့် သေဆုံးဖွယ်ရှိကြောင်း စပိန်သတင်းအေဂျင်စီအီအက်ဖ်အီက စက်တင်ဘာ ၃ ရက်တွင် ဖော်ပြထားသည်။

အဆိုပါလှေကို စပိန်နိုင်ငံ ပင်လယ်ရေကြောင်း ကယ်ဆယ်ရေးလေယာဉ်က စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ဂရန်ကန်နရီကျွန်း၏ တောင်ဘက် ကီလိုမီတာ ၁၂၀ အကွာ၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကယ်ဆယ်ရေးသင်္ဘောက ညသန်းခေါင်ယံအချိန်တွင် ရောက်ရှိလာခဲ့ပြီး လှေပေါ်၌ အသက်ရှင်ကျန်ရစ်သူ ၄၅ ဦးနှင့် သေဆုံးသူ အလောင်း ငါးလောင်းကို တွေ့ရှိခဲ့သည်။ အသက်ရှင်ကျန်ရစ်သူများကို အာဂွန်နင်ဂန်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးခဲ့သည်။ ရာသီဥတုဆိုးရွားနေမှုကြောင့် အလောင်းငါးလောင်းကို လှေပေါ်တွင်သာ ချန်ရစ်ထားခဲ့ရသည်။

အဆိုပါလှေ၏ အမှတ်အသားများသည် ဩဂုတ် ၇ ရက်က ဂမ်ဘီယာနိုင်ငံမှ ထွက်ခွာလာသည့် လူပေါင်း ၁၂၈ ဦး လိုက်ပါလာသော လှေ၏ အမှတ်အသားများနှင့် ကိုက်ညီမှုရှိပြီး ၎င်းတို့ထဲတွင် အမျိုးသမီး လေးဦးနှင့် ကလေးတစ်ဦးပါဝင်သည်ဟု စပိန်နိုင်ငံ၏ ပြည်တွင်းလုံခြုံရေးအဖွဲ့က ပြောသည်။ **ဆင်ဟွာ**

# ဟန်ဂေရီနိုင်ငံ၌ ၁၉၀၁ ခုနှစ်နောက်ပိုင်း ယခုနှစ် ဩဂုတ်လသည် အပူဆုံးလအဖြစ် စံချိန်တင်



**ဘူဒါပက်စ် စက်တင်ဘာ ၃**

ဟန်ဂေရီနိုင်ငံတစ်ဝန်း ပျမ်းမျှအပူချိန်မှာ ၂၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့ရာ ၁၉၀၁ ခုနှစ်နောက်ပိုင်း ၂၀၂၆ ခုနှစ် ဩဂုတ်လမှာ အပူဆုံးလအဖြစ် စံချိန်တင်ခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသဌာန HungaroMet က စက်တင်ဘာ ၂ ရက်တွင် ပြောကြားသည်။

အဆိုပါကိန်းဂဏန်းမှာ ၁၉၉၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဩဂုတ်လအတွက် ပျမ်းမျှအပူချိန် ၂၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်ထက် ၃ ဒသမ ၇ ဒီဂရီမြင့်မားခဲ့သည့်အတွက် ၁၉၀၁ ခုနှစ်နောက်ပိုင်း ဟန်ဂေရီနိုင်ငံအတွင်း စံချိန်တင်ခဲ့သည့် အပူဆုံးဩဂုတ်လနှင့် အပူဆုံးလ နှစ်မျိုးစလုံးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# မော်လ်ဒိုက်က နိုင်ငံတစ်ဝန်း အိမ်ရာစီမံကိန်း ၁၁၃ ခုကို စတင်လုပ်ဆောင်

**မာလေ စက်တင်ဘာ ၃**

မကြာခဏဖြစ်ပေါ်လျက်ရှိသော အိမ်ရာရှားပါးမှုကို ဖြေရှင်းရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် မော်လ်ဒိုက်အစိုးရသည် နိုင်ငံတစ်ဝန်း အိမ်ရာစီမံကိန်း ၁၁၃ ခုကို ဆောင်ရွက်လျက်ရှိကြောင်း အခြေခံအဆောက်အအုံ၊ အိမ်ရာနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အဆိုပါစီမံကိန်းများအနက် ၂၁ ခုမှာ မာလေဒေသတွင် ပါဝင်ကြောင်း မော်လ်ဒိုက်နိုင်ငံပိုင်မီဒီယာ ပီအက်စ်အမ်နယူးစ်က စက်တင်ဘာ ၂ ရက်တွင် ထုတ်ပြန်ထားသည်။

သမ္မတ မိုဟာမက် မူအစ်ဇူက အိမ်ရာကဏ္ဍကို အဓိကဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ထားပြီး ယခင်အစိုးရအဖွဲ့များထက် ပြည်သူများအတွက် လုံခြုံစိတ်ချရသော အိမ်ရာများ ပိုမိုဖြည့်ဆည်းပေးရန် ကတိပြုထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမရှစ်လအတွင်း နိုင်ငံတကာခရီးသည် ၁၅ ဒသမ ၉ သန်း လာရောက်

**ဟန်နွိုင်း စက်တင်ဘာ ၃**

ဗီယက်နမ်နိုင်ငံသို့ ၂၀၂၆ ခုနှစ် ပထမရှစ်လအတွင်း နိုင်ငံတကာမှ လာရောက်လည်ပတ်သူ ၁၅ ဒသမ ၉ သန်းရှိကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ယမန်နှစ် အလားတူကာလထက် ၁၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး မကြာသေးမီနှစ်များအတွင်း ယင်းကာလအတွက် စံချိန်တင်အမြင့်ဆုံးပမာဏဖြစ်ကြောင်း အမျိုးသားစာရင်းအင်းရုံးက စက်တင်ဘာ ၃ ရက်တွင် ထုတ်ပြန်သည့်အစီရင်ခံစာအရ သိရသည်။

လာရောက်လည်ပတ်သူ စုစုပေါင်းအနက် လေကြောင်းဖြင့် လာရောက်သူ ၁၃ ဒသမ ၂ သန်းရှိပြီး နိုင်ငံတကာမှ လာရောက်သူစုစုပေါင်း၏ ၈၃ ဒသမ ၁ ရာခိုင်နှုန်းရှိကာ ကုန်းလမ်းဖြင့် လာရောက်သူ ၂ ဒသမ ၅ သန်းရှိ၍ ရေကြောင်းဖြင့် လာရောက်သူ ၂၂၀၆၀၀ ရှိသဖြင့် ယမန်နှစ် အလားတူကာလထက် ၁၇ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အာရှသည် ဗီယက်နမ်နိုင်ငံအတွက် အဆိုပါကာလအတွင်း လာရောက်သူ ၁၁ ဒသမ ၈ သန်းကျော်ဖြင့် အကြီးဆုံးအရင်းအမြစ်ဈေးကွက်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး ယင်းနောက် ဥရောပသည် လာရောက်သူ ၂ ဒသမ ၆ သန်းကျော်ဖြင့် ဒုတိယအကြီးဆုံးအရင်းအမြစ်ဈေးကွက်ဖြစ်ကြောင်း အစီရင်ခံစာအရ သိရသည်။

၂၀၂၆ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာမှ လာရောက်သူ ၂၅ သန်း ရောက်ရှိရန် ရည်မှန်းထားကြောင်း ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# မစ်ဆူဘီရှီက ခုနစ်နှစ်ကြာ ရပ်နားထားသည့် ပါဂျဲရိုး SUV ကို ဂျပန်ဈေးကွက်သို့ ပြန်လည်မိတ်ဆက်

**တိုကျို စက်တင်ဘာ ၃**

Mitsubishi Motors က ခုနစ်နှစ်ကြာ ရပ်နားထားခဲ့သည့် ၎င်း၏ နာမည်ကျော် Pajero SUV ကို ဂျပန်နိုင်ငံ၏ ကားဈေးကွက်တွင် ပြန်လည်မိတ်ဆက်သွားမည်ဖြစ်သည်။ ယခုကဲ့သို့ ပြန်လည်မိတ်ဆက်ခြင်းသည် တရုတ်ကားထုတ်လုပ်သူများအပါအဝင် ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်နိုင်ရန် ဂျပန်ကားထုတ်လုပ်သူများက လူကြိုက်များခဲ့သည့် နာမည်ကျော် မော်ဒယ်များကို အားထားလာသည့်အချိန်တွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

Mitsubishi Motors က Pajero ၏ နောက်ဆုံးမျိုးဆက်မော်ဒယ်ကို စက်တင်ဘာ ၂ ရက်တွင် ထုတ်ဖော်ပြသခဲ့ပြီး ဒီဇင်ဘာလတွင် ဂျပန်ပြည်တွင်းဈေးကွက်၌ စတင်ရောင်းချမည်ဖြစ်သည်။

Pajero ၏ ပထမမျိုးဆက်ကို ၁၉၈၂ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး ၎င်းကို လူကြိုက်များလာရာမှ လေးဘီးယက်ကားများ တစ်ခေတ်ဆန်းမှု ဖြစ်ပေါ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နမ်မီးဘီးယားနိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားသူ ၁၂၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၁၂ ဦးရှိ

**ဝင်ဒ်ဟုခ် စက်တင်ဘာ ၃**

နမ်မီးဘီးယားနိုင်ငံ၌ ယခုနှစ်အစပိုင်းမှစ၍ ငှက်ဖျားရောဂါဖြစ်ပွားသူ ၁၂၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၁၂ ဦးရှိသည်ဟု ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုဝန်ကြီး အက်စ်ပရမ်း လာဇင်ဒေါင်းက စက်တင်ဘာ ၂ ရက်တွင် ပြောသည်။

နိုင်ငံတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူ ၁၂၆၁၂ ဦးရှိပြီး ဆေးရုံတက် ကုသမှုခံယူရသူ ၉၉၅၆ ဦးရှိသည်ဟု ဒါဗန်ဒူမြို့၌ ပြုလုပ်သည့် ၂၀၂၆ ခုနှစ် အိမ်တွင်းပိုးသတ်ဆေးဖျန်းရေးလှုပ်ရှားမှု စတင်သည့်အခမ်းအနားတွင် ဝန်ကြီးက ပြောကြားခဲ့သည်။

ရောဂါကူးစက်မှုများ၏ ၈၁ ရာခိုင်နှုန်းမှာ ပြည်တွင်းကူးစက်မှုများဖြစ်ပြီး ကျန် ၁၉ ရာခိုင်နှုန်းမှာ ပြည်ပမှ ကူးစက်လာခြင်းဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။ နိုင်ငံအတွင်း ဒေသ ၁၄ ခုအနက် ၁၀ ခုတွင် ငှက်ဖျားရောဂါမှာ ယနေ့တိုင် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်ဟု ၎င်းက ပြောကြားသည်။


**ဆင်ဟွာ**

# ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေး အခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (µm)နှင့်အောက် သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီစောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဩဂုတ်လအတွင်းတွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဩဂုတ်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၇ ရက်၊ အသင့်အတင့်အဆင့်၌ ၄ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ ဩဂုတ်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**





ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း

### လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည် အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာ ဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေး ထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေးပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေပိုများသည်။ |

## လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် ပုံချီကျေးရွာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။



ဆက်လက်၍ လယ်ဝေးမြို့ ခုတင်(၁၀၀)ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေသည့်ပြည်သူများအား တွေ့ဆုံအားပေးကာ ဆေးကုသဆောင်များအား လှည့်လည်ကြည့်ရှုသည်။**(အပေါ်ယာပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သာယာလှပရေး ဆောင်ရွက်ထားရှိမှုများနှင့် ကျောင်းဝင်ပေါက်ရှိ Box Culvert ပြုပြင်နိုင်ရေး ကွင်းဆင်းကြည့်ရှုကာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ပေ (၄၀ x ၃၀)၊ RCC တစ်ထပ်၊ ကျောင်းစာကြည့်တိုက် အဆောက်အအုံ စတင်ဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုကာ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့၌ ရေသတ္တဝါမွေးမြူရေးအတွက် ငါးကြီးစာ ဖော်စပ်ထုတ်လုပ်ခြင်း နည်းပညာလွှဲပြောင်းပေးအပ်

**ကျောက်ဆည် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသန ဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ရေသတ္တဝါ မွေးမြူရေးအတွက် ငါးကြီးစာ ဖော်စပ်ထုတ်လုပ်ခြင်း နည်းပညာလွှဲပြောင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ရေသတ္တဝါမွေးမြူရေး ဓာတ်ခွဲခန်းတာဝန်ခံ ဒေါက်တာဖြိုးစန္ဒီက ငါးကြီးစာဖော်စပ်ထုတ်လုပ်ခြင်းနည်းပညာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ) ဒေါက်တာ အေးအေးခိုင်က အောင်စုံကုမ္ပဏီထံ နည်းပညာလွှဲပြောင်းခြင်းနှင့် သက်ဆိုင်သည့် မှတ်တမ်းများနှင့် ဂုဏ်ပြုလွှာပေးအပ်ရာ အောင်စုံကုမ္ပဏီမှ ဦးအောင်မိုးသန့်က ကျေးဇူးတင်စကား ပြောကြားသည်။

**တင်တင်ထွေး**




❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်တင်ရေး စပါးသီးနှံထုတ်လုပ်မှုအကျိုးအမြတ် တိုးမြှင့်ရရှိရန် ဆောင်ရွက်ပေး

အေးနွယ်လတ်၊ သိင်္ဂီမြင့် (YAU)

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးရာတွင် အဓိကအရေးပါသည့် ကဏ္ဍကြီးဖြစ်ပါသည်။ ထို့အပြင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသော အရေးကြီးသည့်ကဏ္ဍလည်း ဖြစ်ပါသည်။

စိုက်ပျိုးရေးသီးနှံများထဲတွင် ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကကျသည့် စားသုံးကုန်သီးနှံဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရန်နှင့် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိရန် အရေးပါသော သီးနှံတစ်မျိုးလည်း ဖြစ်ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၅၅ နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန် ၂၅ သိန်းနီးပါးကို တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်ထိ ရရှိခဲ့ပါသည်။




၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အချက်အလက်များအရ နိုင်ငံ၏ အသားတင်သီးနှံ စိုက်ပျိုးမှုဧရိယာ၏ ၅၉ ဒသမ ၃၂ ရာခိုင်နှုန်းတွင် စပါးကို အဓိကစိုက်ပျိုးခဲ့ပြီး စုစုပေါင်း ဧက ၁၇ ဒသမ ၆၂ သန်းခန့် ရှိခဲ့ပါသည်။ စိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာသော စပါးသီးနှံ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုတွင် အသုံးပြုကြပြီး ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

ဤနေရာတွင် တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးသည် ဆန်စပါးအထွက်နှုန်း မြင့်မားခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်နေသည်ကို သတိပြုရမည်ဖြစ်ပါသည်။ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍကိုသာမက တိုးပွားလာသည့် နိုင်ငံ့လူဦးရေတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်မှုတို့အပေါ် ကြီးမားစွာ လွှမ်းမိုးမှုရှိနေပါသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးအထွက်နှုန်း တိုးမြှင့်ရရှိရေးဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုမရှိစေဘဲ စိုက်ပျိုးထုတ်လုပ်နိုင်သော သိသာထင်ရှားသည့် အလားအလာကောင်းများ ရှိနေပါသည်။ သို့ဖြစ်၍ စပါးစိုက်ပျိုးသူတောင်သူများ၏ အကျိုးအမြတ်ရရှိနိုင်မှုအပေါ် လွှမ်းမိုးနေသော အချက်များကို သိရှိနိုင်ရန်ရည်ရွယ်၍ ဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် ဇွန်လတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ လယ်ဝေး၊ တပ်ကုန်း၊ ပျဉ်းမနား၊ ပုဗ္ဗသီရိနှင့် ဇေယျာသီရိမြို့နယ်များမှ ကျေးရွာအုပ်စု ၁၈ စုရှိ ကျေးရွာ ၂၄ ရွာကို စစ်တမ်းကောက်ယူရန် ရွေးချယ်ခဲ့ပါသည်။ ထို့နောက် စပါးစိုက်ပျိုးသူတောင်သူ ၁၈၀ ကို ရည်ရွယ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် နမူနာကောက်ယူမှု နည်းလမ်းနှင့် ကျပန်းနမူနာကောက်ယူမှု နည်းလမ်းတို့ဖြင့် စနစ်တကျ စစ်တမ်းကောက်ယူခဲ့ပါသည်။

လေ့လာတွေ့ရှိချက်အရ တောင်သူအားလုံးက မိုးစပါးကို အဓိက စိုက်ပျိုးထုတ်လုပ်ကြပြီး စပါးအထွက်နှုန်းမြင့်မားသော နွေစပါးကိုမူ တောင်သူအနည်းငယ်သာ စိုက်ပျိုးကြပါသည်။ အချို့သော စပါးစိုက်ပျိုးသူတောင်သူများက စပါးစိုက်ပျိုးသည့်အခါ စိုက်ပျိုးရာသီတစ်ခုလျှင် စပါးမျိုးတစ်မျိုးထက်ပို၍ စိုက်ပျိုးကြကြောင်း တွေ့ရှိရသည်။ တောင်သူများ စိုက်ပျိုးကြသည့် စပါးမျိုးများကို လေ့လာရာတွင်-

> **စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအဆောက်အအုံများဖြစ်သည့် ရေပေးဝေမှုနှင့် ဆည်မြောင်းစနစ်များ၊ စိုက်ပျိုးဧရိယာအတွင်း ကုန်ထုတ်လမ်းများနှင့် သယ်ယူပို့ဆောင်ရေးလမ်းများ၊ လျှပ်စစ်မီး၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ကုန်လှောင်ရုံများ၊ စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်ကွန်ရက်များ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ပေးရန်လိုအပ်**

- ❖ **ပြည်တွင်းဈေးကွက်ဝင် စပါးမျိုး ၁၁ မျိုး-** ဆင်းသုခ၊ မနောသုခ၊ ရှောမင်း၊ မဂျမ်းတော၊ သုခ-၁၊ ရွှေဝါဝင်း၊ ရွှေဝါမွှေး၊ ဘက်စမာတီ(Basmati)၊ ရှောပဒေသာ၊ ပေါ်ဆန်းနှင့် ရွှေသွယ်ရင်။
- ❖ **ပြည်ပဈေးကွက်ဝင် စပါးမျိုး ခုနစ်မျိုး-** ထိုင်းနံ့ကောက်၊ ဗျော့ထွန်း၊ GW-11၊ ရက်-၉၀၊ ဗျော့သုခ၊ ရတနာတိုးနှင့် ပုလဲသွယ်။

ယင်းတို့အနက် အထွက်နှုန်းမြင့်မားပြီး ဈေးကွက်ခိုင်မာမှုရှိသော စပါးအရည်အသွေးကောင်းမွန်သည့် ထိုင်းနံ့ကောက်၊ ဆင်းသုခ၊ မနောသုခ၊ GW-11၊ ရှောမင်းနှင့် ဗျော့ထွန်း စသည့် စပါးမျိုးများကို တောင်သူအများစုက ကြိုက်နှစ်သက်ပြီး ပိုမိုစိုက်ပျိုးကြကြောင်း သိရှိရပါသည်။

လေ့လာမှုများကိုအခြေခံ၍ စပါးစိုက်ပျိုးထုတ်လုပ်မှု အကျိုးအမြတ်အပေါ် လွှမ်းမိုးနေသော အချက်များကို Regression Analysis နည်းလမ်းဖြင့် တွက်ချက်ခဲ့ရာတွင် စပါးအထွက်နှုန်း၊ စပါးဈေးနှုန်း၊ စက်ကိရိယာအသုံးစရိတ်၊ ပြည်ပဈေးကွက်ဝင် စပါးမျိုးနှင့် နွေစပါးစိုက်ပျိုးခြင်းတို့သည် စပါးစိုက်ပျိုးထုတ်လုပ်မှုအကျိုးအမြတ်ကို တိုးမြှင့်စေကြောင်း တွေ့ရှိရသည်။

တွေ့ရှိချက်အရ လက်ရှိစပါးအထွက်နှုန်းကို တစ်ဧကလျှင် ၅ ဒသမ ၀၉ တင်းနှုန်း တိုးမြှင့်ထုတ်လုပ်နိုင်ပါက တောင်သူများ၏ အကျိုးအမြတ်သည် လက်ရှိရရှိနေသည့် အမြတ်ငွေထက် ၀ ဒသမ ၂၆ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ပြီး စပါးဈေးနှုန်း တစ်ရာခိုင်နှုန်း မြင့်တက်လာပါက လက်ရှိအမြတ်ငွေထက် ၁ ဒသမ ၄၅ ရာခိုင်နှုန်းအထိ ထင်ရှားစွာ တိုးလာမည် ဖြစ်ပါသည်။

ထို့အတူ စက်မှုလယ်ယာစနစ်သုံးစွဲမှုကို လက်ရှိထက် တစ်ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲပါက အကျိုးအမြတ်က ၀ ဒသမ ၁၇ ရာခိုင်နှုန်း တိုးလာမည်ဖြစ်ပြီး ပြည်ပဈေးကွက်ဝင် စပါးမျိုးများကို တစ်ရာခိုင်နှုန်း ပိုမိုထုတ်လုပ်လာပါက အကျိုးအမြတ်ရရှိမှုသည် ၀ ဒသမ ၇၁ ရာခိုင်နှုန်းအထိ တိုးလာမည်ဖြစ်သည်။ နွေစပါးစိုက်ပျိုးမှုကို တစ်ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးလျှင် အကျိုးအမြတ် ၀ ဒသမ ၀၉ ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အခြားတစ်ဖက်တွင်မူ ငှားရမ်းလုပ်သားစရိတ်၊ သွင်းအားစုစရိတ်နှင့် မိသားစုလုပ်သားအရေအတွက် သုံးစွဲမှုတို့သည် အကျိုးအမြတ်ရရှိမှုနှင့် ပြောင်းပြန်ဆက်စပ်နေပါသည်။ အဆိုပါ စရိတ်များနှင့် မိသားစုလုပ်သားသုံးစွဲမှုတို့ကို တစ်ရာခိုင်နှုန်း တိုးမြှင့်ကုန်ကျပါက စပါးစိုက်ပျိုးထုတ်လုပ်မှုမှ ရရှိသည့် အကျိုးအမြတ်သည် ၀ ဒသမ ၃၂ ရာခိုင်နှုန်း၊ ၀ ဒသမ ၁၆ ရာခိုင်နှုန်းနှင့် ၀ ဒသမ ၀၅ ရာခိုင်နှုန်းခန့်စီ အသီးသီး လျော့နည်းလာနိုင်ကြောင်း တွေ့ရှိရပါသည်။

**တိုက်တွန်းလိုသည့်အချက်များ**

သုတေသနအခြေခံ၍စပါးစိုက်တောင်သူများက မိမိတို့၏ စပါးစိုက်ပျိုးထုတ်လုပ်မှုမှ အကျိုးအမြတ်များ ပိုမိုတိုးမြှင့်ရရှိလာစေရန်အတွက် ဆောင်ရွက်စေလိုသည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အထွက်နှုန်းမြင့်မားပြီး အကျိုးအမြတ် ပိုမိုရရှိသည့် စပါးမျိုးများကို စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်း၊

(၂) လုပ်သားအင်အားနှင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည့် စက်မှုလယ်ယာစနစ်ကို တိုးချဲ့အသုံးပြုခြင်း၊

(၃) ကုန်ကျစရိတ်သက်သာစေရန် သဘာဝမြေဩဇာကို တိုးမြှင့်အသုံးပြုခြင်း၊

(၄) စိုက်ပျိုးရေရရှိပါက အကျိုးအမြတ် ပိုမိုဖြစ်ထွန်းစေမည့် နွေစပါးစိုက်ပျိုး ထုတ်လုပ်မှုကို တိုးချဲ့စိုက်ပျိုးခြင်း။

ထို့အပြင် ဆန်စပါးကဏ္ဍနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများအနေဖြင့်လည်း ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အထွက်နှုန်းမြင့်မားပြီး အကျိုးအမြတ် ပိုမိုရရှိနိုင်သော စပါးမျိုးကောင်းမျိုးသန့်များကို အချိန်မီ ဖြန့်ဖြူးပေးသင့်ပါသည်။ စိုက်ပျိုးထုတ်လုပ်စဉ် ကာလအတွင်း လိုအပ်သော နည်းပညာနှင့် သွင်းအားစု အထောက်အပံ့များကို ပံ့ပိုးပေးခြင်း၊ စက်မှုလယ်ယာစနစ်ကို တိုးမြှင့်ဖော်ဆောင်ပေးခြင်း၊ သင့်လျော်သော ဆည်ရေပေးဝေမှုစနစ်ဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့နိုင်ရန် အားပေးသင့်ပါသည်။

စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအဆောက်အအုံများဖြစ်သည့် ရေပေးဝေမှုနှင့် ဆည်မြောင်းစနစ်များ၊ စိုက်ပျိုးဧရိယာအတွင်း ကုန်ထုတ်လမ်းများနှင့် သယ်ယူပို့ဆောင်ရေးလမ်းများ၊ လျှပ်စစ်မီး၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ကုန်လှောင်ရုံများ၊ စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်ကွန်ရက်များ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ပေးရန် လိုအပ်ပါသည်။

ဆန်စပါးရောင်းဝယ်မှု ဆောင်ရွက်သည့်အခါတွင်လည်း တောင်သူများ နစ်နာမှုမရှိစေရန် ဈေးနှုန်းသင့်တင့်မျှတမှုနှင့် ဈေးကွက်တည်ငြိမ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ဆက်စပ်ကဏ္ဍများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါသည်။

သို့မှသာ စပါးစိုက်တောင်သူများ၏ လူမှုစီးပွားဘဝ အမှန်တကယ် တိုးတက်လာပြီး တစ်ဖက်တွင်လည်း နိုင်ငံခြားပို့ကုန်သီးနှံဖြစ်သော ဆန်စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှု တစ်ဟုန်ထိုး မြင့်မားလာကာ နိုင်ငံ့စီးပွားရေး အရှိန်အဟုန်မပြတ် တိုးတက်မှုအားကို ကောင်းမွန်စွာ မြှင့်တင်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။ ။

## မြစ်သားမြို့နယ်၌ (နေကြာ၊ ဝါ) စိုက်ပျိုးတောင်သူများအား ကွင်းသရုပ်ပြ

**မြစ်သား စက်တင်ဘာ ၃**

မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေး ဦးစီးဌာနရုံးဝင်းအတွင်း၌ စိုက်ပျိုးထားသော ဆင်းရွှေကြာ ၂ နေကြာမျိုးစေ့ထုတ် စံပြကွက်နှင့် ဝါပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် စိုက်ခင်းများတွင် ယမန်နေ့က တောင်သူများကို လက်တွေ့ ကွင်းသရုပ်ပြပွဲ ကျင်းပရာ မြစ်သားမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က နေကြာသီးနှံတွင် ထရိုင်ခိုဒါးမား ထည့်သွင်းစိုက်ပျိုး ထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် စိုက်ပျိုးရေး ကွင်းတာဝန်ခံ ဝန်ထမ်းများက စိုက်ပျိုးမှုနည်းစနစ်များကို ဒေသခံတောင်သူများအား လက်တွေ့ ကွင်းသရုပ်ပြသခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ပျဉ်းမနား စက်တင်ဘာ ၃**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပျဉ်းမနားမြို့နယ် ကျီးဖြူရိုးကျေးရွာ ကွင်းအမှတ် ၁၇၀၉ ရှိ တောင်သူနှစ်ဦး၏ မနေသုခ စပါးစိုက်ခင်းများအတွင်း သွင်းအားစု ဓာတ်မြေဩဇာ ကြဲပက်နေမှုများကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (သကြားစက်) သို့ သွားရောက်၍ ကျောင်းသားကျောင်းသူများအတွက် အာဟာရဖြည့်စွက်အစားအစာ ကျွေးမွေးနိုင်ရေး တစ်သျှူးငှက်ပျောစိုက်ပျိုးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နတ်သရဲကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၁၁၀၀၀ ရိုစာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လမ်းခင်းခြင်းလုပ်ငန်း အချိန်မီပြီးစီးရေးနှင့် သတ်မှတ် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၃**

မော်လမြိုင်ကျွန်းမြို့နယ် ဂျုံးဂျုံးဂျကျေးရွာရှိ မြို့အဝင်၊ အထွက်နေရာများ၌ မြို့အင်္ဂါရပ်နှင့်အညီ မြေယာရှုခင်းများ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှုကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။




ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့အဝင်၊ အထွက်နေရာများ၌ မြေယာရှုခင်းများ သန့်ရှင်းသာယာလှပစေရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး စီမံဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး မြေယာရှုခင်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို သတ်မှတ်စံနှုန်းများနှင့်အညီ အရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေး မှာကြားခဲ့သည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)၌ ယနေ့နံနက်ပိုင်းက မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပရာ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးမိုးသွယ်က မူပိုင်ခွင့်၏ အဓိပ္ပာယ်နှင့် တီထွင်မှုများအကြောင်း ဟောပြောခဲ့ပြီး အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဇာနည်ထွန်းက ကျောင်းသား ကျောင်းသူများအနေဖြင့် တီထွင်ဖန်တီးမှုများ ပြုလုပ်ပါက ဒေသလိုအပ်ချက်များ ဦးစားပေးစမ်းသပ်ထုတ်လုပ်စေလိုကြောင်း၊ ဈေးကွက်အတွင်း ရောင်းချနိုင်ပါက မိမိတို့တီထွင်မှုများ နစ်နာမှု မရှိစေရေး မူပိုင်ခွင့်များ ပြုလုပ်သွားကြရန် ရှင်းလင်းပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိမ့်သန္တာထွန်းက မူပိုင်ခွင့်သမိုင်းကြောင်း၊ မူပိုင်ခွင့်စနစ်၊ မူပိုင်ခွင့် အမျိုးအစားများနှင့် တီထွင်ဖန်တီးမှုများအား ဈေးကွက်ရှာဖွေခြင်း အကြောင်းများကို ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**သက်မောင်(ကျောက်ဆည်)**

## ပန်းတနော်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ပန်းတနော် စက်တင်ဘာ ၃**

ပန်းတနော်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှဦးဆောင်၍ ယမန်နေ့နံနက်က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပန်းတနော်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မျိုးနိုင်နှင့် ပန်းတနော်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး အောင်ကျော်ခိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့်အဖွဲ့က ရွှေမြင်တင်ကျေးရွာရှိ သမိုင်းဝင် ရွှေမြင်တင်စေတီတော်ကြီးဝင်းအတွင်း၌ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ကောက်ယူသိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။



**မြို့နယ်(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ အသက်(၂၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုင်းဆတ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ဘောလုံးအားကစားပိုမိုတိုးတက်လာစေရေး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အသက်(၂၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းက အောင်ဇေယျာဘက်စုံအားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် LION FC အသင်းနှင့် DOMINION FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ DOMINION FC အသင်းက LION FC အသင်းကို ငါးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဆက်လက်၍ ပထမဆုရရှိသည့် DOMINION FC အသင်းသားများအား ဆုဖလားနှင့် ငွေသားဆု၊ ဒုတိယရရှိသည့် LION FC အသင်းသားများအား ဆွဲပြားနှင့် ငွေသားဆု၊ တတိယရရှိသည့် LMC အသင်းသားများအား ဆွဲပြားနှင့် ငွေသားဆု၊ ပွဲစဉ်တစ်လျှောက် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမားအကောင်းဆုံးဆု ရရှိသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးဇော်ဦးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကဝမြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကဝ စက်တင်ဘာ ၃**

ကဝမြို့နယ်တွင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်က ရုံးကျောင်းဘုန်းတော်ကြီးကျောင်းတိုက်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ကျောင်းတိုက်အတွင်းရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၁၇၉ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၃**

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၁၇၉ ကျပ် ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းတောင်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပန်းတောင်း စက်တင်ဘာ ၃**

ပန်းတောင်းမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့က ယနေ့နံနက်ပိုင်းတွင် စည်သာရပ်ကွက်ရှိ အုဋ္ဌကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်းသိန်းနှင့် တပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးနှင့် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမှိုက်သရိုက်များ သိမ်းဆည်းခြင်း၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရန် တူးဖော်ရှင်းလင်းခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**



## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀၇

ဒေါ်လှလှထွေး **နှင့်** ဒေါက်တာကျော်မြင့်နိုင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (ဠ - ၃/၂၀) ၊ ၇၀ x ၇၁ လမ်းကြား ၊ ကျန်စစ်သားလမ်းနေ ဒေါက်တာကျော်မြင့်နိုင် (ဘ)ဦးဘို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါက်တာကျော်မြင့်နိုင် သင့်အပေါ်၌ တရားလို ဒေါ်လှလှထွေး က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ၊ယခင်(ဈ)ရပ်ကွက်၊ ယခု (ည) ရပ်ကွက်၊ အကွက်အမှတ် (လလ - ၃၃)၊ ဦးပိုင် အမှတ် ( ၂+၃ )၊ ဧရိယာ (၀ဒသမ ၁၁၀၂) ဧက အကျယ်အဝန်းရှိ ဒေါက်တာကျော်မြင့်နိုင် အမည်ပေါက် ၊ ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၁၅ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေး ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁၂

ဒေါ်နန်းမေနှင်းခိုင် **နှင့်** ဗိုလ်မှူးကျော်လွင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ - ၁/၃၀ )၊ ၇၂ x ၇၃ လမ်းကြား ၊ ၁၁၈ လမ်းနေ ဗိုလ်မှူးကျော်လွင် (ဘ)ဦးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဗိုလ်မှူးကျော်လွင် သင့်အပေါ်၌ တရားလို ဒေါ်နန်းမေနှင်းခိုင်က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ယခင်(ဈ)ရပ်ကွက် ၊ ယခု (ည) ရပ်ကွက် ၊ အကွက်အမှတ် ( လလ - ၄၆)၊ ဦးပိုင် အမှတ် ( ၁ )၊ ဧရိယာ (၀ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးကျော်လွင် အမည်ပေါက် ၊ ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေး ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁) Grade–12($A_2$)မှ မရွှယ်ရွှယ်ဆိုင်း၏ ဖခင်အမည်မှန်မှာ ဦးနော်ဂူဇော်ဘောက် ၁/ကမတ(နိုင်)၀၀၇၇၄၉ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ မနော်ရတနာကိုယ်ပိုင် အထက်တန်းကျောင်း Grade- 12(Eco)တန်းမှ မဂျာဝိုင်၏ မိဘအမည်မှန်မှာ ဦးမနော်တန် ၁/မကတ(နိုင်)၁၀၅၀၉၄ နှင့် ဒေါ်ဆမာရွယ် ၁/မကတ(နိုင်) ၀၂၁၈၁၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ နယ်မြေ(၁၃)၊ အမှတ် (၅၂၄)နေ ဒေါ်ခင်စန်းလှိုင်၁/မကန (နိုင်) ၁၄၇၉၃၂ ၏ဖခင်အမည်မှန်မှာ ဦးလှသိန်း ၅/မမတ(နိုင်) ၀၁၂၈၄၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၄၊ မြေကွက်အမှတ်-၂၅/က၊ ဧရိယာ(၀.၁၆၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၂)၊ ပြည်ထောင်စုလမ်း(၄၄)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးအောင်မြင့် (MBU - ၀၃၉၉၃၆) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့်ထံမှ သဃ်န်းကျွန်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် (၁၀၅၆/၂၀၂၂)၊ တရားမဇာရီမှု အမှတ် (၁၅၄/၂၀၂၃)၊ အရောင်းအဝယ်စာချုပ်အမှတ် (၁၀၇၁၂/၂၀၂၄) (၂၆-၁၂-၂၀၂၄) ဖြင့် ဧရိယာ(၀.၁၆၇)ဧက အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာ (အလျား ၃၂ .၅ ပေ x အနံ ပေ ၆၀) ကို ဝယ်ယူထားသူ ဦးအောင်ကျော်ဇန် (၁၂/သဃက (နိုင်) ၁၂၇၁၆၅)မှ ဂရန်မူရင်း၊ နိုင်/ကတ်၊တရားရုံးအမိန့်များ၊ အရောင်းစာချုပ်မူရင်း၊ ဝင်ငွေခွန်ထမ်းဆောင်ထားသော အထောက်အထားတို့တင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင် လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်သရဖူလမ်း၊ အမှတ်(၂၇)၊ တတိယထပ်၊ (၄-လွှာ/B (ခြေရင်းခန်း)၊ တိုက်မျက်နှာမူလျှင်(ဘယ်) (လက်ဝဲဘက်ခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးညီညီအောင် (၁၂/ဒပန(နိုင်)၀၆၆၃၉၆)၊ ဒေါ်ခင်ခင်မေ (၁၂/မဂတ(နိုင်)၁၁၇၈၂၉)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးမင်းမင်း (၁၄/မမက(နိုင်)၁၇၇၅၆၀)၊ ဒေါ်တင်မိုးဆွေ (၁/မညန(နိုင်)၁၁၃၀၁၅) တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)** **ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)** **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M) (စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အထက (၂) ဒဂုံအရှေ့ကျောင်း Grade–12 အတန်းမှ နော်သစ၏ ဖခင်အမည်မှန်မှာ ဦးရွှေမိုး (၁၄/ဖပန(နိုင်) ၁၅၆၇၉၁) ဖြစ်ပါကြောင်း။

**ဦးရွှေမိုး**
**၁၄/ဖပန(နိုင်)၁၅၆၇၉၁**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက (၄) Grade–12 မှ မယွန်းနဒီနှင့် Grade–11 မှ မသဇင်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကိုမျိုး ၁/ကမတ(နိုင်) ၀၀၈၇၈၈ ဖြစ်ပါကြောင်း။

**ဦးကိုမျိုး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် ထမ္မကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ Grade - 7 တွင် ပညာသင်ကြားနေသည့် မောင်လှိုင်မင်းခန့် ၊ မဆုမြတ်နိုင် တို့၏ ဖခင် ဦးကိုကိုနိုင်အမည်မှန်မှာ ဦးကျော်မြင့်သက် ၈/မဘန(နိုင်)၁၂၈၁၀၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ် အထကခွဲ (ရေအေး) G.12မှ မကေဇင်လတ်၏ မိခင်အမည်မှန်မှာ ဒေါ်မြတ်နိုးအေး (၉/တကန(နိုင်)၁၅၁၈၁၁) ဖြစ်ပါကြောင်း။ **ဒေါ်မြတ်နိုးအေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၁၂၁ မြေကွက်တည်နေရာ အမှတ်(၁၂၁)၊ ပိတောက်(၄)လမ်း၊ (၄၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်မောင်(BU-၀၀၇၀၄၇) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးတင်မောင်အား (တရားပြိုင်) ထားကာ ဒေါ်ချိုချိုသက်မှ (တရားလို)ပြုလုပ်၍ ဒဂုံမြောက်မြို့နယ်တရားမရုံး၌ တရားမကြီးမှုအမှတ်-(၂၉/၂၀၂၅)ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးဆိုလိုမှုဖြင့်တရားစွဲဆိုခဲ့ခြင်းအပေါ်အနိုင်ဒီကရီချမှတ်သည့် (၂၄-၇-၂၀၂၅) ရက်စွဲပါစီရင်ချက်/ဒီကရီနှင့် တရားမဇာရီမှုအမှတ်(၁၃၂/၂၀၂၅) တို့အရ တရားရုံးကိုယ်စားဘီလစ် ဒေါ်လွဲ့လွဲ့ခိုင် (၁၃/တကန(နိုင်)၀၀၃၄၁၉)မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၄) Grade–12($B_1$)မှ မမျိုးသန္တာဦး၏ မိခင် အမည်မှန်မှာ ဒေါ်ချို ၁/ဗမန(နိုင်) ၀၂၇၁၆၉ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ အထက-၄ Grade–9 (A) မှ မောင်ဇွဲသီဟထွန်း၏ မိဘအမည်မှန်မှာ ဦးအေးမင်းဦးနှင့် ဒေါ်မျိုးသန္တာ ဖြစ်ပါကြောင်း။

**ဦးအေးမင်းဦး-ဒေါ်မျိုးသန္တာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့၊ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း Grade–12 မှ မအေးရတနာပိုင်၏ ဖခင် ဦးမောင်ထွေး(ခ)ဦးထွေး ၇/အတန(နိုင်) ၀၅၈၂၆၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမောင်ထွေး(ခ)ဦးထွေး**

## အမည်ပြောင်း

ကချင် ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ အ.ထ.က ပင်းဘော Grade–6(A) မှ မစံဝတီကိုကို အား မစံဝတီကို ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

ပူတာအိုမြို့၊ အထက (လေယာဉ်ကွင်း)ကျောင်း G–12မှ မောင်ဘော်ဆာဝူ၏အမည်မှန်မှာ မောင်ဗိုလ်ဆာဝူ ၁/နမန(နိုင်) ၀၀၈၈၁၆ ဖြစ်ပါသည်။

**မောင်ဗိုလ်ဆာဝူ**

## မွေးသက္ကရာဇ်အမှန်

ဦးခွန်ဆိုင်း၏သမီး မြစ်ကြီးနားမြို့၊ Square ကိုယ်ပိုင်အထက်တန်းကျောင်း Grade–12 (Eco) တန်းမှ မစောမ်နူးပန် ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၈-၂၀၀၆ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6089 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/8914 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ်(၂၆)တိုက်၏ (စတုတ္ထထပ်) (၅-လွှာ)၊(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ပေခွဲx၅၅ပေ)ရှိသော တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်HP ဆိုင်းပန် (၁/မကန(နိုင်)၁၁၅၈၀၉)ထံမှ အပြီးအပိုင် ဝယ်ယူရန်ကျွန်ုပ်၏ မိတ်ဆွေ ဦးထွန်းတောက်သူ (၆/ထဝန(နိုင်)၁၃၉၇၆၅)မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါကယနေ့မှစ၍(၇)ရက် အတွင်း ကျွန်ုပ်ထံသို့ခိုင်မာသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထွန်း (LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၃၂၄၄၆)**
**ဖုန်း-၀၉-၂၅၃၃၆၇၅၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/78990, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မောင်မြင့် ၁၄/ဟသတ (နိုင်)၁၉၇၃၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အကွက်အမှတ်နှင့်အမည် ၅၂ / မရမ်းကုန်း၊ ဦးပိုင်အမှတ် ၁၀၈^က^၊ ဧရိယာ(၀.၀၃၂)ဧကရှိမြေကို မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန(၁-က) စာရင်းတွင် ဦးလှရှိန် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးလှရှိန် သည် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် - ၄၁၆/၂၀၂၆ အရ ဦးသန်းထွန်း အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ဦးသန်းထွန်းသည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက် အထားမူရင်းများနှင့်တကွ မော်လမြိုင် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှု မရှိပါက ဦးသန်းထွန်းမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၂)၊ ဦးပိုင်အမှတ် (၉၆)၊ ၅၉လမ်းနှင့် ၁၀၆ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်း ၉/မနတ (နိုင်)၀၃၄၈၈၉က အမှုတွဲအမှတ် (၂၁၀၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမှတ်(၁၁၅၉)၊ ဂန့်ဂေါ်ရိပ်သာလမ်း၊(၁၆ / ၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ (၆)ထပ်တိုက်၊ (၂)ခန်းတွဲ၊ အဆောက်အအုံမှ (၂)လွှာ(ပထမထပ်)(ခြေရင်းခန်း)ကို ဝယ်ယူရန် စာချုပ်ချုပ်ဆိုမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ပါတိုက်ခန်းကို အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် သဘောတူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်း၊ ပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းလှိုင်LL.B, D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၆)(၈-၂-၂၀၀၅)**
**အမှတ် - ၉/၁၁၊ အခန်းအမှတ် - ၀၀၄(မြေညီထပ်)၊**
**၃၆- လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ် ၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ - ၅၀ ၂၆ ၉၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/36390, WAIKABAR 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီအေး ၈/ပခက(နိုင်) ၂၈၉၄၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ (၁၃)လမ်းရှိ အကွက်အမှတ်နှင့် အမည်- (၃၃၃(က)/ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ်- (၆၆)နှင့် ဦးပိုင်အမှတ် (၆၄)၏ မြောက်ဘက်ခြမ်း၊ အရှေ့လားသော်- (၁၂)လမ်း (၆၅/၆၃)၊ အနောက် လားသော်- (၁၃)လမ်း၊ တောင်လားသော်- ဒေါ်မြင့်မြင့်အေး၏ ဝင်းမြေ၊ မြောက်လားသော်- ဦးပိုင်အမှတ် (၆၈) စသည့် နယ်လေးရပ်အတွင်းရှိ ဧရိယာ (၀.၂၂၀)ဧကရှိ အိမ်ဝင်းမြေကွက်နှင့် ၎င်းဝင်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစား ခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးသက် (LL.,B )** | **ဒေါ်ပပသူနိုင် (LL.,B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၈၂၁၅/၂၀၁၂** | **စဉ်- ၅၅၇၇၂/ ၂၀၂၃** |
| **ဖုန်း-၀၉- ၄၂၇၀၅၄၆၀၈** | **ဖုန်း-၀၉-၉၇၄၆၀၁၅၀၂** |
| **ဘူတာလမ်း၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့၊** | **သလ္လာအမှတ်(၁၂)ရပ်၊ မုံရွာမြို့** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ ဗိုလ်တေဇလမ်း၊ ဒုတိယထပ်၊ အမှတ်(၇၇၂/ခ)နေ ဒေါ်မြင့်မြင့်အေး (ဘ)ဦးဇော်ထွန်း ၁၂/ဗဟန(နိုင်)၀၄၇၄၄၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါတိုင်း အများသိစေရန် ကြော်ငြာအပ်သည်မှာ-

ဒေါ်မြင့်မြင့်အေးနှင့် ဦးသိန်းဇော်တို့သည် (၂၈-၃-၂၀၁၂)ရက်တွင် တရားဝင်လက်ထပ်ပေါင်းသင်းပြီး အတူနေထိုင်ခဲ့ကြပါသည်။ လက်ထပ်ပေါင်းသင်း နေထိုင်စဉ် ဦးသိန်းဇော်သည် (၉-၈-၂၀၂၆)ရက်တွင် မိသားစုနှင့် အဆက်အသွယ်မလုပ်ဘဲ အတူပေါင်းသင်းနေထိုင်သည့်နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။ ဦးသိန်းဇော်သည် နေအိမ်မှ ထွက်ခွာသွားသည့်အချိန်မှစ၍ ၎င်းနှင့်ပတ်သက်၍ ငွေကြေး အရှုပ်အရှင်း ပြဿနာများ၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများ ကိစ္စအဝဝသည် ကျွန်မ ဒေါ်မြင့်မြင့်အေးနှင့် သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ဦးသိန်းဇော်နှင့်ပတ်သက်သမျှကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာတိုး LL.B,LL.M(Q)** **ဒေါ်အိသန္တာဖြိုး LL.B**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ (စဉ်-၃၁၄၅၉)**
**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၂၆၁၇၃၊ ၀၉-၇၆၁၈၃၉၃၇၁**

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြေညီထပ်၊ အမှတ် (၁၄) နေ ဦးဘိုဘိုမင်းထွဋ်(၅/ဗမန(နိုင်)၀၆၉၁၁၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်–

ALFA

ဦးဘိုဘိုမင်းထွဋ် နှင့် သူငယ်ချင်း(၆)ယောက် တို့သည် (၂၀၁၉)ခုနှစ်မှစ၍ ALFA / ALPHA အမည်တို့ဖြင့် Boy Band ဖွဲ့ကာ သီချင်းများသီဆိုခြင်းနှင့် အနုပညာလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြပါသည်။ ထို့ပြင် ၂၀၂၆ ခုနှစ်၊ ဩဂုတ် (၁၂) ရက်တွင် အထက်ပါ ALFA တံဆိပ်အမည်အမှတ်အသားဖြင့်လည်း မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ပြုလုပ်ခဲ့ကြပြီး၊ သီချင်းနှင့်အနုပညာလုပ်ငန်းများကို ALFA / ALPHA တံဆိပ်အမည် အမှတ်အသားများဖြင့် ဦးဘိုဘိုမင်းထွဋ် နှင့် အဖွဲ့ဝင်(၄)ယောက်တို့မှ ဆက်လက်လုပ်ကိုင်လျက်ရှိပါသည်။

ယခုအခါတွင် အထက်ပါ ALFA / ALPHA အမည်အမှတ်အသားတို့ဖြင့် သီချင်းနှင့်အနုပညာလုပ်ငန်းများကို Facebook, Telegram, Youtube, TikTok, Email အစရှိသည့် Online ဆက်သွယ်ရေးစနစ်များပေါ်တွင် ပြုလုပ်ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ALFA/ALPHA တံဆိပ်အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ သီချင်းနှင့် အနုပညာလုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တုပသုံးစွဲခြင်းများ မပြုလုပ်ကြရန်နှင့် မည်သူမဆို ကျွန်ုပ်တို့မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက် နစ်နာစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၄၅၄)**

**ဒေါ်ခိုင်ဇင်ဝင်း (LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၅၆၂၁၉)**
**ဒေါ်နန်းနွယ်နီမော်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၅၇၃၈၆)**

**အမှတ်(၂၇၉)၊ အခန်းအမှတ် (၆–ဘီ)၊ 7–Lift, ၉–ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း – ၀၉–၇၇၇၂၂၀၀၄၀၊ ၀၉–၈၈၀၂၅၂၅၈၃**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အထက (၂) ဒဂုံအရှေ့ကျောင်း Grade–12 အတန်းမှ နော်အယ်လယ်ဖော၏ ဖခင်အမည်မှန်မှာ စောရှိုင်းမွန် (၁၄/ဖပန(နိုင်)၁၂၁၂၉၈) ဖြစ်ပါကြောင်း။

**စောရှိုင်းမွန်**
**၁၄/ဖပန(နိုင်)၁၂၁၂၉၈**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် Grade–12(C) တွင် ပညာသင်ကြားနေသော ကျွန်မ မအိမ့်ချိုးမွန်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင် ၁၄/အဂပ(နိုင်) ၁၆၇၁၀၄ ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် Grade–12(E)ခန်းတွင် ပညာသင်ကြားနေသော ကျွန်မ မစံပယ်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၁၄/အဂပ(နိုင်) ၂၄၁၄၄၂ ဖြစ်ပါကြောင်း။

**ဦးမြင့်ဦး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် Grade–11(C)တွင် ပညာသင်ကြားနေသော ကျွန်မ မဇွန်ပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်ထွန်း ၁၄/အဂပ(နိုင်) ၁၆၀၀၈၈ ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်ထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့၊ သစ်စက်ရပ်ကွက်၊ အကွက်အမှတ်(TL–၁၁)၊ သစ်စက်ရပ်၊ ဦးပိုင်အမှတ်(၅–က)၊ မြေဧရိယာ(၀ဒသမ၂၁၈)ကေရှိမြေကို ဝေါမြို့၊သစ်စက်ရပ်ကွက်နေ ဒေါ်ခင်မှုံအမည်ဖြင့် မြေငှားဂရန် (သက်တမ်းတိုး)ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားခြင်းအားဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့၊ သစ်စက်ရပ်ကွက်၊ အကွက်အမှတ်(TL–၁၁)၊ သစ်စက်ရပ်၊ ဦးပိုင်အမှတ်(၁၉–ဃ)၊ မြေဧရိယာ(၀ဒသမ၀၂၇)ကေရှိမြေကို ဝေါမြို့၊ သစ်စက် ရပ်ကွက်၊ ဘူတာလမ်းနေ ဦးထက်အောင်ရှိုင်း အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များ ဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားခြင်းအားဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် O.S.S (၉)၊ ဦးပိုင် အမှတ်–၄၀ ၊ မြေဧရိယာ (၁၄ ဒသမ ၅၁) ဧကရှိ ရော်ဘာမြေသည် သံဖြူဇရပ်မြို့နယ် ကျောင်းပိုင်းရပ်ကွက်နေ (ဘ) ဦးမောင်၏ သား ဦးအောင်သူ ၁၀/သဖရ(နိုင်)၀၀၈၅၆၈ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ၇) ရရှိထားပြီး၊ အဆိုပါ ပုံစံ(၇)သည် ပျောက်ဆုံးသွားပါသဖြင့် အသစ်တစ်ဖန် ပြန်လည်လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပုံစံ(၇) ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်သူ (ဘ) ဦးမောင် ၁၀/သဖရ(နိုင်)၀၀၈၅၆၈**
**ကျောင်းပိုင်းရပ်ကွက်၊ သံဖြူဇရပ်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၅၁

ဦးညဏ်ဝင်းထက် **နှင့်** ဒေါ်သီရိရတနာ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၀) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၁၃၆၁/က) နေ ဒေါ်သီရိရတနာ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးညဏ်ဝင်းထက် က အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်၊ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း၊ (၄) ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ (ကြည့်ရှင်)

ဒုတိယမြို့နယ်တရားသူကြီး(၃)
ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံး

## AGENCY CARD (ပန်းရောင်ကတ်) ပျောက်ဆုံးကြောင်း

A THWIN THIT CUSTOMS CLEARANCE SREVICE CO.,LTD ၏ ဝန်ထမ်း မောင်အံ့ထူးလွင် AGENCY CARD NO.HP1639 နှင့် မောင်ပြည့်စုံအောင် AGENCY CARD NO. PP1640 တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

**ဦးမျိုးဇော်**
**ဖုန်း – ၀၉–၄၃၀၆၈၆၈၂**

## ခွင့်ပြုမိန့်(မူရင်း) ပျောက်ဆုံးကြောင်းကြေညာခြင်း

Ayeyarwaddy Resorts & Lodges Co.,Ltd အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ၂၀၁၃ ခုနှစ်၊ မတ်လ (၂၉)ရက်စွဲဖြင့် ရရှိခဲ့သည့်ခွင့်ပြုမိန့်အမှတ်– မနသ ၉၀၅/၂၀၁၃ ၏ခွင့်ပြုမိန့်(မူရင်း)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Ayeyarwaddy Resorts & Lodges Co.,Ltd**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7049 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၅)၊ မြေတိုင်း(၁၇)၊ ဦးပိုင်အမှတ်(၄၅၆)၊ မြေကွက်အကျယ်အဝန်း ပေ(၄၀x၆၀) မြေကွက်နှင့် အကျိုးခံစားခွင့်များအား လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသောကြောင့် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက အထောက်အထား ပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကိုကိုသန်း၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုင်းဝဏ္ဏဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၆၃၆/၂၀၁၆)**
**အမှတ်(၆/၁၀၇)၊ ရှမ်းတန်း(၅)လမ်း၊ မြို့သစ်(၇)ရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း–၀၉–၄၂၈၁၂၉၅၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/16255, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်လှိုင် ၁၂/ဥကမ(နိုင်)၁၆၄၂၁၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/6762, Toyota Dyna LY 235, Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဇော် ၁၂/မဂတ (နိုင်)၁၀၄၇၉၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ကြေးမုံရပ်)၊ ဦးပိုင်အမှတ်(၂၅ᵏ)၊ မြေဧရိယာ(၀.၀၉၅)ဧကရှိ ဦးစိုးထွန်းနိုင်(ဘ)ဦးထွန်းအုန်း ၉/လဝန(နိုင်)၁၅၃၃၉၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးစိုးထွန်းနိုင်မှ ဦးခင်မောင်ထွေး(ဘ) ဦးဘောင်တီ ၇/တငန(နိုင်)၁၁၀၇၇၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "QISE" အမှတ်တံဆိပ် "Natural Beauty Cream" နှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း

အမှတ်(၁၀)၊ (၁၅)လမ်း၊ လမ်း(၈၀)နှင့် (၈၁)လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ရုံးခန်းတည်ရှိသော မန္တလာသစ္စာကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

Guangdong Benyuan Pharmaceutical Co.,Ltd (91500105202820998Y)က ထုတ်လုပ်သော "QISE" အမှတ်တံဆိပ် "Natural Beauty Cream" များကို မြန်မာနိုင်ငံသို့ တင်သွင်းခြင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချခြင်း၊ ဈေးကွက်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် မန္တလာသစ္စာကုမ္ပဏီလီမိတက်အား တရားဝင်ကိုယ်စားလှယ်အဖြစ် အခွင့်အာဏာလွှဲအပ်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ "QISE" အမှတ်တံဆိပ် "Natural Beauty Cream" များကို မန္တလာသစ္စာ ကုမ္ပဏီလီမိတက်၏ ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူရိုးမှားတုပခြင်း၊ မှိုင်မြမ်းခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ တရားမဝင်သော နည်းလမ်းများဖြင့် မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါက်တာဇော်ခြည်အောင် LLB, LL.M, MRes, PhD** — တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၀၃၃) — ဖုန်း–၀၉–၉၇၇၁၁၁၂၉၅
**ဒေါ်ကြာဖြူဝတ်ရည် LL.B, LL.M** — တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၀၈၉) — ဖုန်း–၀၉–၉၇၇၁၁၁၂၉၂

တိုက်(၁)၊ အခန်း(၁၁၂/၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ ကျွန်းရွှေမြိုင်လမ်း၊ မြေကွက်အမှတ်(၂၄၅)၊ အကျယ်အဝန်း(၀.၀၅၆)ဧကရှိဦးဖိုးငွေး(၉/မထလ(နိုင်)၀၄၇၁၇၇၃)နှင့် ဒေါ်လှလှစန်း(၁၂/ဥကတ(နိုင်)၀၅၈၉၀၄)တို့(၂)ဦးပူးတွဲအမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူများဂရန်အမည်ပေါက်ဖြစ်သူတို့ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B.
Ph.09421746974 အထက်တန်းရှေ့နေ(စဉ်–၄၃၆၈၈)

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်နေ၊ ဦးမောင်မောင်သန်း (ဘ) ဦးသောင်း (၁၂/ကတတ(နိုင်)၀၁၂၃၂၈)၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

